# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ - ၃၆၀)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် ကြာသပတေးနေ့။ Thursday, 4 June 2026 ၁၂၁၉၉


## နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့ အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သော တာဝန်တစ်ရပ် ဖြစ်သည်။**

## အစိုးရပါဠိပထမပြန် စာမေးပွဲအထူးအောင် ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သည့် ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၀၂ ပါး/ ဦးအနက် ၁၁၁၇ ပါး/ဦး အောင်မြင်၍ ၁၈ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၈၂၄၉ ပါး/ဦးအနက် ၂၃၇၆ ပါး/ဦး အောင်မြင်၍ ၂၈ ဒသမ ၇၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၄၂၆၈ ပါး/ဦး အနက် ၄၅၂၂ ပါး/ဦး အောင်မြင်၍ ၃၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၂၃၁၇၈ ပါး/ဦးအနက် ၁၁၄၅၃ ပါး/ဦး အောင်မြင်၍ ၄၉ ဒသမ ၄၀ ရာခိုင်နှုန်း အောင်မြင်ကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

## မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue)ကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၃

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue) ကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ The Taj Mahal Palace ဟိုတယ်၌ ကျင်းပရာ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋




## မြိတ်မြို့နယ်၌ မိုးစပါးဧက ၄၁၀၀၀ ကျော် စိုက်ပျိုးမည်

မြိတ် ဇွန် ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၄၁၂၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။


စာမျက်နှာ ၇ ကော်လံ ၁ သို့ ❃


## အထူးကုဆေးရုံ (မင်္ဂလာဒုံ)၌ သွားနှင့်ခံတွင်းရောဂါအထူးကုဌာန ဖွင့်လှစ်

နေပြည်တော် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး အထူးကုဆေးရုံ (မင်္ဂလာဒုံ)၌ သွားနှင့်ခံတွင်းရောဂါအထူးကုဌာန ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။


စာမျက်နှာ ၇ ကော်လံ ၂ သို့ ✪


**ယနေ့ ဖတ်စရာ**

**၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရေဝတီတိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ**


စာမျက်နှာ » ၁၁


**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်)(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင်အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင်ရှစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျ လွှဲပြောင်းအပ်နှံ**


စာမျက်နှာ » ၁၄

# အွန်လိုင်းလိမ်လည်လောင်းကစားမှု အရှိန်အဟုန်မြှင့်တင်တိုက်ဖျက်

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့်အတူ ဖြစ်ပေါ်နေသည့် ဒုစရိုက်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်တက်ကြွကြွ အရှိန်အဟုန်မြှင့်တင်ပြီး သက်ဆိုင်ရာနိုင်ငံများနှင့်ပူးပေါင်းကာ တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နိုင်ငံအတွင်း အခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းပြီး တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လွှမ်းမိုးထားလျက်ရှိသော ရှမ်းပြည်နယ် နမ့်ခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပန်ဆန်း၊ မိုင်းလားနှင့် တာချီလိတ်အစရှိသည့် တရုတ်-မြန်မာနယ်စပ်ဒေသများနှင့် ကရင်ပြည်နယ် မြဝတီ၊ ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး၊ မင်းလက်ပံနှင့် ဘုရားသုံးဆူ အစရှိသည့် မြန်မာ-ထိုင်း နယ်စပ်ဒေသများတွင် အခြေပြုလုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါအွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော (National Security Treat) ရာဇဝတ်မှုခင်းများဖြစ်သည့်အပြင် ယင်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားပြီး ထွက်ပေါ်လာသောရလဒ်နှင့် ဆိုးကျိုးများကို နိုင်ငံအသီးသီးက ပြင်းထန်စွာခံစားနေရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အလေးထားတိုက်ဖျက်လျက်ရှိရာ ဖမ်းဆီးရမိမှုများတွင် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ အများဆုံး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ် မေလ ၂၈ ရက်နေ့အထိ မြန်မာနိုင်ငံ နယ်စပ်ဒေသများသို့ တရားမဝင် ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှုများပြုလုပ်ခြင်း၊ ကာစီနိုကစားဝိုင်းများပြုလုပ်ခြင်း၊ အနှိပ်ခန်းနှင့် တရားမဝင်ပြည့်တန်ဆာလုပ်ငန်းများပြုလုပ်ခြင်းနှင့် စားသောက်ဆိုင်လုပ်ငန်းများစသည့် တရားမဝင်၊ အထောက်အထားမဲ့ဝင်ရောက်လာသူ နိုင်ငံခြားသား ၇၂၆၁၉ ဦးတို့ကို ရှာဖွေဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါတရားမဝင် နိုင်ငံခြားသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှုကာ ပြည်တွင်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။ ရှမ်းပြည်နယ်အတွင်း၌ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၆၉၁၈ ဦးတို့ကို နယ်စပ်ဂိတ်အသီးသီးနှင့် လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းနှင့် ဝမ်ပုံဆိပ်ကမ်းတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများလုပ်ကိုင်ခဲ့ကြသော နိုင်ငံခြားသားများအနက် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၂၆ ရက်အထိ နိုင်ငံခြားသား ၁၄၆၈၅ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၁၃၅၂၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ရာ လက်ရှိတွင် လွှဲပြောင်းပေးအပ်ရန် နိုင်ငံခြားသား ၁၁၆၄ ဦးသာ ကျန်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုပပျောက်ရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း၌ အွန်လိုင်းလောင်းကစားပြုလုပ်သည့် အဆောက်အအုံများ အများဆုံးတွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများကို ဥပဒေနှင့်အညီ ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကြောင့် နိုင်ငံတော်နှင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါဒုစရိုက်မှုများကို ဆိုက်ဘာလုံခြုံရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယင်းတို့နှင့် ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကိုလည်း ပြည်သူများအနေဖြင့် လေ့လာအကြံပြုနိုင်ရန် ထုတ်ပြန်အသိပေးထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဒုက္ခရောက်ကြသည့် လူကုန်ကူးခံရသော နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## (၃-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၅.၅ | ၅၅၇.၆ ~ ၅၅၇.၇ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၉၂၅,၈၄၈.၇၆ | ၄၆၅,၄၂၀.၀၀ | ၉၄,၂၃၇,၈၆၅.၆၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှု ကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ လူသုံးကုန်ပစ္စည်း၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၈၉ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၅ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃,၀၀၃ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## မြို့နယ်အဆင့် စီမံကိန်းစိစစ်သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကျင်းပ

လားရှိုး ဇွန် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြို့နယ်အဆင့်စီမံကိန်းစိစစ်သုံးသပ်ပွဲအခမ်းအနားကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခန်းမတွင် ယမန်နေ့က ကျင်းပသည်။

အဆိုပါသုံးသပ်ဆွေးနွေးခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး တစ်နှစ်ပြီးတစ်နှစ်ဆောင်ရွက်ခဲ့သည့်စီမံကိန်း၏အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ပြီး ပြည့်စုံကောင်းမွန်သည့် စီမံကိန်းတစ်ခုဖြစ်စေရန်နှင့် နိုင်ငံတော်ရန်ပုံငွေအလွဲသုံးစားမှု မရှိစေရေးတို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဖိုလ်ဖိုလ်၊ မြို့နယ်အဆင့် စီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာအဆင့်စီမံကိန်း ကော်မတီဝင်များ၊ စီမံကိန်းအသင်းသူအသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၃ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၆ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၀၀၀ | ၁၆,၅၀၀ | ၁,၃၇၁ | ၂၃,၃၀၆,၀၀၀ |
| MTSH | ၇,၉၀၀ | ၈,၀၀၀ | ၁၀,၅၅၇ | ၈၃,၅၂၀,၂၀၀ |
| MCB | ၁၁,၅၀၀ | ၁၂,၀၀၀ | ၁,၀၇၀ | ၁၂,၃၂၂,၅၀၀ |
| FPB | ၅,၇၀၀ | ၆,၀၀၀ | ၉,၂၁၀ | ၅၄,၆၅၄,၇၀၀ |
| TMH | ၃,၃၅၀ | ၃,၄၀၀ | ၂၂၆ | ၇၆၇,၂၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၆,၇၄၃ | ၁၁,၈၀၇,၂၅၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၂၈ | ၁၁၂,၉၅၀ |
| MAEX | ၄,၉၀၀ | ၄,၉၀၀ | ၄,၅၂၇ | ၂၁,၉၈၂,၃၀၀ |
| MADPL(PLB) | ၆,၈၀၀ | ၇,၀၀၀ | ၉၉၂ | ၆,၈၄၈,၂၀၀ |
| ASPGB(PLB) | ၄၄,၀၀၀ | ၄၃,၀၀၀ | ၄၅ | ၁,၉၄၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❊ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲကျင်းပမည့် The Taj Mahal Palace ဟိုတယ်သို့ ရောက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Gateway of India, Mumbai တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ရကြောင်း။

ကိုလိုနီစနစ်ကို အတူတကွ တွန်းလှန်ခဲ့ကြသည့် သမိုင်းကြောင်းအရ မြန်မာ - အိန္ဒိယ သံတမန်ဆက်ဆံရေးသည် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအရလည်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

- **မိမိအနေဖြင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိရောက်ရှိအောင် ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိရောက်အောင် မျှော်မှန်းဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်**
- **မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များ ပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့် သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့်ပတ်သက်သည့်ပစ္စည်းများကို တင်သွင်းသွားလို**
- **မိမိတို့နိုင်ငံမှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆန်နှင့် ရော်ဘာထွက်ပစ္စည်းများ တင်ပို့သွားလို**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် နေရာတစ်ခုဖြစ်သည့်၊ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများစွာ တည်ရှိနေသည့်၊ The Gateway of India အဖြစ် လူသိများသည့် မွမ်ဘိုင်းမြို့ကို လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ထို့ပြင် ယနေ့အခမ်းအနားတွင် ဌာနဆိုင်ရာကိုယ်စားလှယ်ကြီးများ၊ မြန်မာ - အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင် မိတ်ဖက်များနှင့် တွေ့ဆုံခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ရှေးယခင်ကတည်းက ခိုင်မာသည့် ဆက်နွှယ်မှုများ ရှိခဲ့ကြကြောင်း၊ ရှည်လျားသည့် ကုန်းမြေနှင့် ရေကြောင်း နယ်နိမိတ်များ ထိစပ်နေသည့်အပြင် ယခုအချိန်သည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှ တစ်ဆင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အကောင်းဆုံး အချိန်လည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy)နှင့် အိမ်နီးချင်းဦးစားပေးမှုဝါဒ (Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် နိုင်ငံရေး အရတည်ငြိမ်မှုအနေဖြင့် မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာကြာ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားခဲ့ရာမှ ယခုအခါတွင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က ကျင်းပပြုလုပ်ပြီးစီးခဲ့သော ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီအရ တည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီဖြစ်သဖြင့် တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် အခြေအနေကောင်းများ မိမိတို့တွင်ရှိလာပြီဖြစ်ကြောင်း၊ ထို့ကြောင့်နိုင်ငံရေးတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အဆွေတော်တို့အတွက် အခွင့်အလမ်းများစွာ ရှိလာမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုသို့ လာရောက်စဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့နှင့်လည်း တွေ့ဆုံခဲ့သကဲ့သို့ နယူးဒေလီမြို့တွင်လည်း မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကာ သဘောတူညီချက်များလည်း ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့အခြေအနေများအရ အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံနှင့် ယုံကြည်စိတ်ချစွာ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ပြောကြားလိုကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ကုန်သွယ်မှုအများဆုံး နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်သကဲ့သို့ ယခင်ကတည်းက နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ကုန်သွယ်မှုများပြုလုပ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် ပစ္စည်းများမှာ ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများကို အများဆုံးတင်ပို့လျက်ရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် မိမိတို့မြန်မာနိုင်ငံဘက်မှ ထုတ်ပြန်သည့် စာရင်းများအရ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံမှ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၆ ဘီလီယံထိရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၆၀၀ မှ ၈၀၀ အကြားတွင် ရှိကြောင်း၊ အများအားဖြင့် အိန္ဒိယနိုင်ငံဘက်မှ ဆေးဝါးပစ္စည်းများ၊ ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ လယ်ထွန်စက်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့ခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိအနေဖြင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိ ရောက်ရှိအောင် ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ ရောက်အောင် မျှော်မှန်း ဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်စေရေး ကျပ်နှင့် ရူပီး တိုက်ရိုက်ပေးချေရေး သဘောတူညီထားပြီးဖြစ်ကြောင်း၊ မိမိ အိန္ဒိယနိုင်ငံဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များ ပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့် သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့်ပတ်သက်သည့် ပစ္စည်းများကို တင်သွင်းသွားလိုကြောင်း၊ မိမိတို့နိုင်ငံမှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆန်နှင့် ရော်ဘာထွက်ပစ္စည်းများ တင်ပို့သွားလိုကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများ များစွာရှိပြီး အပြန်အလှန် ကူးသန်းသွားလာမှုများ၊ ဗုဒ္ဓဂယာသို့ သွားရောက်လည်ပတ်မှုများရှိသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံအနေဖြင့် ကျန်းမာရေးဆိုင်ရာနှင့်ပတ်သက်သည့် လုပ်ငန်းများ မြင့်မားသကဲ့သို့ ပညာရေးနှင့်ဆိုင်သည့် လုပ်ငန်းရပ်များသည်လည်း မြင့်မားသည်ကိုတွေ့ရှိရသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံသွားနိုင်ရန် အခွင့်အလမ်းများရှိကြောင်း။

မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံများတွင် ၁၁ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လာရောက်၍ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ သွင်းကုန်ပစ္စည်းများနှင့် ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်သကဲ့သို့ မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အချို့ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်သာမက အိမ်နီးနားချင်းနိုင်ငံများဖြစ်ကြသည့် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများသို့ တင်ပို့ ရောင်းချနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် သတင်းအချက်အလက်၊ ဒီဂျစ်တယ်နှင့် အဆင့်မြင့် နည်းပညာအခြေပြုကဏ္ဍတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ နည်းပညာမြင့်လုပ်ငန်းများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန်ဖိတ်ခေါ်လိုကြောင်း၊ ဆေးဝါးကုသမှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသည် ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ဆေးဝါးသွင်းကုန်များကို အိန္ဒိယနိုင်ငံမှ အများဆုံး တင်သွင်းလျက် ရှိကြောင်း၊ ထို့ကြောင့် ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများကို မြန်မာနိုင်ငံ၌ လာရောက် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာတွင်လည်း

စာမျက်နှာ ၄ သို့ ❊

❊ စာမျက်နှာ ၃ မှ

ကမ္ဘာ့ထိပ်တန်း နိုင်ငံများတွင် ပါဝင်သဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိသည့် မိမိတို့နိုင်ငံတွင်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အရေးများစွာရှိကြောင်း၊ မိမိနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် အသေးစိတ်ထပ်မံ ဆွေးနွေးနိုင်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာမှုကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ သမိုင်းကြောင်းအရတည်ရှိခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးမှုကိုလည်း ပိုမိုအားပေးရာရောက်မည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် ၇၈ နှစ်တာ ကာလသို့ရောက်ရှိခဲ့ပြီဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါနှစ်(၈၀) ပြည့် သံတမန်ဆက်ဆံမှု အထိမ်းအမှတ်ကို အားဖြည့်သည့်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေး လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်သမ္မတအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိမှု အခြေအနေများ၊ လက်ရှိနိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည်ဟု ၎င်းတို့အနေဖြင့် ယုံကြည်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဇီဝစွမ်းအင် (Bio Energy) ထုတ်လုပ်မှု လုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများနှင့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရေး ကဏ္ဍတို့နှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံမှမြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ ဘိုင်အိုစွမ်းအင်နှင့် (Bio Energy) နှင့် ပတ်သက်၍လည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ သတ္တုတူးဖော်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့် သတ္တုများကို ပြည်ပသို့ကုန်ကြမ်းအဖြစ် တင်ပို့ခြင်းထက် ကုန်ချောထုတ်လုပ်၍ တင်ပို့သွားမည်ဆိုပါက ဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို အဓိကထား ဆောင်ရွက်နေသည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍကို အမှန်တကယ်အကျိုးရှိစွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များ ရှိပါက ဖိတ်ခေါ်ကြောင်းနှင့်အခြား လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတက တက်ရောက်လာကြသည့် အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် Gateway of India, Mumbai သို့သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Gateway of India, Mumbai အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များအား ပြန်လည် မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ Gateway of India, Mumbai သည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ မွမ်ဘိုင်း ပင်လယ်ကမ်းစပ်တွင်တည်ရှိသည့် ကမ္ဘာကျော်သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံကြီး တစ်ခုဖြစ်ကြောင်း၊ ဗြိတိသျှဘုရင် King George V နှင့် မိဖုရား Queen Mary တို့သည် ၁၉၁၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်စဉ် ၎င်းတို့ခြေချဆိုက်ရောက်ခဲ့သည့် နေရာကို အထိမ်းအမှတ်ပြုလုပ်ရန်အတွက် အဆိုပါမုခ်ဦးကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၁၅ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နောက်ဆုံး ကျန်ရှိနေသည့် ဗြိတိသျှတပ်ရင်းများသည် ယခုမုခ်ဦးကြီးအောက်မှ ဖြတ်သန်းကာ သင်္ဘောများဖြင့် အိန္ဒိယနိုင်ငံမှ ထွက်ခွာခဲ့ကြခြင်း ဖြစ်သဖြင့် ဗြိတိသျှတို့၏ အုပ်စိုးမှုနိဂုံးချုပ်ခြင်းကို ပြသသည့် ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ အဆောက်အအုံ၏ ဗိသုကာလက်ရာသည် ၁၆ ရာစုဂူဂျာရက်စတိုင် အစ္စလာမ်နှင့် ဟိန္ဒူရိုးရာဗိသုကာလက်ရာများကို ရောနှောပေါင်းစပ်ထားသည့် Indo-Saracenic စတိုင်ဖြစ်ပြီး အဝါရောင်သဲကျောက်(Yellow basalt) များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ အလယ်မုခ်ဦးခုံးကြီး၏ အမြင့်မှာ ၈၅ ပေခန့်ရှိကြောင်း၊ Gateway of India, Mumbai သည် မွမ်ဘိုင်းမြို့၏ အထင်ကရပြယုဂ်(The Taj Mahal of Mumbai)ဟု တင်စားခေါ်ဆိုကြပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ပါဝင်စားစွာ လာရောက်လည်ပတ်ကြသည့် နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

### ❍ အစိုးရပါဠိပထမပြန်မှ

၁၃၈၇ ခုနှစ်(၂၀၂၆ ခုနှစ်)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၃ | အရှင်ဣန္ဒာစရိယာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၁၉ | အရှင်ကဝိတေဇာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၁၁ | အရှင်ဝီရာနန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၂၃၄ | မဇဝနညာဏီလင်္ကာရ | သကျဓီတာစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စိန်-၁ | အရှင်အာလောကာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၄၂ | အရှင်ကောဝိဒါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၂၀ | အရှင်သကျဝံသာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက-၁၀၈ | မနန္ဒစာရီ | ချမ်းမြရံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ-၂၃၅ | ရှင်ဇိနောရသ | သာသနာ့ရောင်ခြည်ကျောင်း မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ညတ-၂၁ | ရှင်ပညာစက္က | တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | အရှင်အဂ္ဂဝံသာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက- ၁၅၃ | မပုညစာရီ | ချမ်းမြရံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟမ-၂၂ | ရှင်အရိန္ဒမ | မစိုးရိမ်တိုက်သစ် မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်-၃၄ | ရှင်ဝါသဝ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | တွင်း-၇၀ | ရှင်ဂုဏဝံသ | ရေပြည့်တောရကျောင်း တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | လဝ-၁၅၀ | မဂုမ္ဘီရညာဏီ | တောင်သုံးလုံးကျောင်း လယ်ဝေးမြို့နယ်၊ နေပြည်တော် |

၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

# အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မွမ်ဘိုင်းမြို့ Chhatrapati Shivaji Magaraj အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ မဟာရာရှ်ထရာပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့် ဆွေးနွေးချက်များကို ဆွေးနွေးနိုင်ခဲ့သည်။ ထို့အပြင် သမိုင်းဝင် အထင်ကရနေရာများနှင့် စက်မှုဆိပ်ကမ်းနှင့် စွမ်းအင်ဆိုင်ရာ စီမံကိန်းနေရာများကို သွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေး၊ ခရီးသွားဆိုင်ရာကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား မဟာရာရှ်ထရာပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant နှင့် တာဝန်ရှိသူများက မွမ်ဘိုင်းမြို့ Chhatrapati Shivaji Magaraj အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ပြန်လည် ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ် ဦးတည်ပြီး ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှု မြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် အတွက် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူ သားငယ် သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ အိန္ဒိယရိုးရာအကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင်

စာမျက်နှာ ၆ သို့ ❒

> **❛ နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲ များနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့် ဆွေးနွေး ချက်များကို ဆွေးနွေးနိုင်ခဲ့ ❜**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် အိန္ဒိယသမ္မတနိုင်ငံအလံတို့ကို ကိုင်ဆောင်ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

❒ စာမျက်နှာ ၅ မှ
အသင့်စောင့်ကြို၍ လေဆိပ် လေယာဉ်အဆင်းမှ VIP ဆောင် အထိလည်းကောင်း၊ တပ်မတော် လေဆိပ်အဝင် လမ်းတစ်လျှောက် တွင်လည်းကောင်း **"အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက် တိုးမြှင့် ဆောင်ရွက်နိုင်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါသည်။ အိန္ဒိယ-မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ။ အိန္ဒိယ-မြန်မာ ပူးပေါင်းအားမှုချအောင်မြင်ပါစေ။ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါ၏။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါ၏"** ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းများ ကိုင်ဆောင်၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ အိန္ဒိယသမ္မတနိုင်ငံအလံတို့ကိုကိုင်ဆောင် ဝှေ့ယမ်းကာ **"အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ။ အမျိုးဘာသာ သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် နိုင်ငံတော် သမ္မတကြီး ဦးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ကျန်းမာပါစေ။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ၊ ခိုင်မြဲပါစေ။ အိန္ဒိယ-မြန်မာချစ်ကြည်ရေး အစွန့်ရှည်ပါစေ"** ဟု ကြွေးကြော်လျက်လည်းကောင်း၊ လေဆိပ်မှ နေပြည်တော်သို့ ဝင်ရောက်ရာ လမ်းတစ်လျှောက် အဓိကနေရာများရှိ LED Board များ၌ နိုင်ငံတော်သမ္မတ၏ အိန္ဒိယခရီးစဉ် လှုပ်ရှားမှုပုံရိပ်များဖြင့် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါသည်"** ဟု ရေးသားဖော်ပြ၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိစဉ် မီဒီယာများ၏ မေးမြန်းမှုများကို ယခုကဲ့သို့ ပြန်လည်ဖြေကြားခဲ့ပါသည်-

မြန်မာနဲ့အိန္ဒိယ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီးတော့ ကျွန်တော်သွားခဲ့တာ ဖြစ်ပါတယ်။ သွားတဲ့အခါမှာလည်း အိန္ဒိယခေါင်းဆောင်တွေဖြစ်တဲ့ သမ္မတကြီး၊ ဝန်ကြီးချုပ် မစ္စတာ မိုဒီတို့နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးနဲ့လည်း သီးခြားတွေ့ခဲ့တာတွေ ရှိတယ်။

နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက်၊ နယ်ပယ်အသီးသီးမှာ ဆောင်ရွက်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်၊ နှစ်ဖက် ပူးတွဲကြေညာချက်လည်း ထုတ်ခဲ့တာ ရှိပါတယ်။ အဓိကတော့ ကျွန်တော်တို့ဘက်က အလုပ်ကို ပိုပြီးတော့မှ လုပ်ရမယ်၊ ကုန်ထုတ်လုပ်မှုတွေ လုပ်ကြဖို့ပါ။ ဒါမှ ကျွန်တော်တို့ ကုန်သွယ်မှုကို သွားနိုင်မယ်။ တစ်ဖက်က ကျန်တဲ့လိုအပ်ချက်တွေလည်း ပြည်သူလူထုအပိုင်းက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ဖို့ ရှိပါတယ်။

ကျွန်တော်တို့ ဒီလိုလုပ်နိုင်ဖို့ တည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်။ တည်ငြိမ်အေးချမ်းမှလည်း လုပ်လို့ရမှာ ဖြစ်တယ်။ ဒါကြောင့် ပထမဦးဆုံးသွားတဲ့ အိန္ဒိယအပိုင်းနဲ့ ပတ်သက်ရင် အိန္ဒိယနယ်စပ်မှာရှိတဲ့ သက်ဆိုင်သူများအနေနဲ့ တိုင်းပြည်ကောင်းစေချင်တယ်ဆိုရင် တိုင်းပြည်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ကြိုးစားဖို့ လိုပါတယ်။ သူတို့ရဲ့ သဘောထားတွေ ပြန်လည်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့ တိုင်းပြည်ကို ကောင်းအောင် ဆောင်ရွက်သွားဖို့ လိုပါလိမ့်မယ်။

ဒီလိုပဲ တခြားနယ်မြေတွေမှာ ရှိနေတဲ့၊ အကြောင်းအမျိုးမျိုးကြောင့် တည်ငြိမ်မှုထိခိုက်နေတဲ့ နယ်မြေတွေမှာရှိတဲ့ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အနေနဲ့လည်း တိုင်းပြည်အတွက် ပြန်လည်သုံးသပ်ပြီးတော့မှ တိုင်းပြည်ကောင်းအောင် လုပ်ဖို့အတွက် ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့၊ နိုင်ငံရေးစကားပြောရင် ဒီမိုကရေစီနည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် တိုင်းပြည်က ဘာမှမကြာပါဘူး၊ တိုးတက်မှာ သေချာပါတယ်။

နောက်တစ်ခုက အခုပြီးခဲ့တဲ့ တနင်္လာနေ့ကစပြီး ကျောင်းတွေဖွင့်ပါတယ်။ ကျောင်းတွေဖွင့်တဲ့အခါမှာ ကျောင်းနေအရွယ်တွေအားလုံး ကျောင်းနေပြီးတော့ ပညာရေးမြှင့်တင်မှုနဲ့အတူ အချိန်အတိုင်းအတာတစ်ခု ပေးပြီး ကြိုးစားသွားမယ် ဆိုရင် ကျွန်တော်တို့ မျှော်မှန်းတဲ့ လူမှုပန်းတိုင်တွေကို ကောင်းကောင်းမွန်မွန် ရောက်မယ်လို့ မျှော်မှန်းပါတယ်။ ပြည်သူလူထုအနေနဲ့ ကြိုးစားပေးကြဖို့၊ အလုပ်လုပ်ပေးကြဖို့၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ပဲ ကျွန်တော် ပြောချင်ပါတယ်။

ခရီးစဉ်က အောင်မြင်ပါတယ်။ အောင်မြင်တာလည်း သေချာပါတယ်။ မှတ်ချက်ကတော့ မျိုးစုံပေးကြမှာပါ။ အဲဒီမှတ်ချက်တွေမှာ ကောင်းတဲ့မှတ်ချက်တွေ အများကြီး ရှိပါတယ်။ ကျွန်တော်တို့ သွားရတာလည်း ပင်ပန်းရကျိုးလည်း နပ်ပါတယ်။

ဗုဒ္ဓဂယာမှာ တိုင်းပြည် အေးချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ။ ပြည်သူတွေ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာနဲ့ လုပ်ကိုင်စားသောက်နိုင်ကြပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူ သားငယ် သမီးငယ်လေးများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

## ကြိုဆိုဂုဏ်ပြု နှုတ်ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား ဒေသခံ ပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် အိန္ဒိယသမ္မတနိုင်ငံ အလံတို့ကို ကိုင်ဆောင် ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများအား တွေ့ဆုံ

**နေပြည်တော်  ဇွန် ၃**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပူးပေါင်းကော်မတီနှစ်ရပ်သည် ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော ဥပဒေပြဋ္ဌာန်းရေးလုပ်ငန်းကို အထောက်အကူပြုပေးနေသည့် အဓိကကော်မတီများလည်းဖြစ်ပါကြောင်း၊ ယခုလို ပူးပေါင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုသည် လွှတ်တော်အစည်းအဝေးများတွင် ဥပဒေကြမ်းတစ်ခုချင်း၏ အကြောင်းအရာများ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သက်ရောက်မှုများကို အသေးစိတ်လေ့လာဆွေးနွေးရန် အချိန်လုံလောက်ခြင်းမရှိသည့်အတွက် လွှတ်တော်အတွင်း ကော်မတီများဖွဲ့စည်းပြီး ဥပဒေများကို အသေးစိတ် လေ့လာစိစစ်ကာ အကြံပြုချက်များ ဖော်ထုတ်ခြင်း၊ ဥပဒေကြမ်းပါအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆွေးနွေးဆုံးဖြတ်ခြင်းများ စသည်တို့ကို အချိန်ယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် **ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများကို လွှတ်တော်အတွင်းမှ (Sub-Parliament) လွှတ်တော်ငယ်များ**ဟု နိုင်ငံတကာက တင်စားခေါ်ဝေါ်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၇၊ ၁၂၈၊ ၁၂၉ နှင့်အညီ ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များပါ ဥပဒေကြမ်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းပြီး ကော်မတီက ပြင်ဆင်ရန်အကြံပြုချက်များ ပေးပို့ရာတွင် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော အကျုံးဝင်သည့်အကြံပြုချက်များ ဖြစ်ရမည်ဖြစ်ပါကြောင်း။

ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါကြောင်း၊ ထူးခြားမှုအနေဖြင့် ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရေးနှင့် ယင်းအစည်းအဝေးမှတ်တမ်းများကိုလည်း ဖြန့်ဝေခြင်းများ မပြုရပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် လွှတ်တော်နှစ်ရပ်သဘောတူညီသော ဥပဒေကြမ်းများမှလွဲပြီး အခြားဥပဒေကြမ်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲထားသည့် ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်နှင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း စသည့်ဥပဒေကြမ်းများအားလုံးကို မိမိတို့ကော်မတီမှ စိစစ်သုံးသပ်ပြီး သဘောထားမှတ်ချက်တင်ပြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်းဆွေးနွေးခြင်းမှ အစပြုပြီး ဥပဒေအဖြစ်ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ ပေးပို့နိုင်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀(ခ)အရ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် နှစ်စဉ် နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်လေ့လာစိစစ်ခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၁ အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ ရငွေသုံးငွေများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ် စိစစ်ခြင်း၊ ထိုကဲ့သို့စိစစ်ရာတွင် လွှတ်တော်သို့တင်ပြထားသည့် လျာထားရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ သုံးစွဲခွင့်ပြုထားသောငွေများကို သတ်မှတ်ထားသောကိစ္စအတွက် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း ရှိ/မရှိ၊ ထိရောက်စွာ အသုံးပြု/မပြု၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ/မရှိ စိစစ်ခြင်းနှင့် လုပ်ငန်းဌာနသို့ သွားရောက်စစ်ဆေးရန် လိုအပ်ပါက နာယက၏ခွင့်ပြုချက်နှင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်မှုနှင့် ပတ်သက်ပြီး စိစစ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားစီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အခွန်အကောက်ဆိုင်ရာ (၆ လပတ်၊ နှစ်ပတ်လည်) အစီရင်ခံစာများ၊ ချေးငွေဆိုင်ရာ အစီရင်ခံစာများကို အသေးစိတ်လေ့လာစိစစ်ဆောင်ရွက်သည့် လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုလို အသေးစိတ်လေ့လာစိစစ်ပြီးမှ လွှတ်တော်သို့ အစီရင်ခံစာပြုစုပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် အခြေခံကျကျတင်ပြပေးနိုင်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ ငွေကြေး၊ ဘတ်ဂျက်ဆိုင်ရာများကို အလေအလွင့်မရှိအောင် ဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီဝင်များအနေဖြင့် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျ နားလည်ရန်နှင့် လုပ်ပိုင်ခွင့်ထက်ကျော်လွန်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်မိရန်လည်း သတိပြုရန်လိုအပ်ပါကြောင်း။

ပူးပေါင်းကော်မတီများအနေဖြင့် အထူးသတိပြုရမည်မှာ ဥပဒေကြမ်းများ၊ အစီရင်ခံစာများအပေါ် စိစစ်တင်ပြသည့်နေရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး မေးမြန်းခြင်းသည် လွှတ်တော်၏ Over Sight လုပ်ငန်းဖြစ်ပြီး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်ရှာဖွေစုဆောင်းခြင်းသာ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများကို အမှုစစ်သကဲ့သို့ စစ်ဆေးမေးမြန်းသည့် ပုံစံမျိုးမဖြစ်စေရန် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုလို အရေးကြီးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြရမည့် ကော်မတီဝင်များအနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အခြားဆက်စပ်ဥပဒေများ အားလုံးကို စေ့စေ့စပ်စပ် သေသေချာချာ လေ့လာပိုင်နိုင်ကြစေရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပူးပေါင်းကော်မတီနှစ်ရပ်၏ ဥက္ကဋ္ဌ၊ ဒုတိယနာယက Jeng Phang နော်တောင်က မိမိတို့ ပူးပေါင်းကော်မတီများသည် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းများကို အတည်ပြုပေးနိုင်ရေး၊ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်၊ အခွန်အကောက်ဆိုင်ရာများကို စိစစ်အတည်ပြုနိုင်ရေးအတွက် အကောင်းဆုံး အထောက်အပံ့ပေးရသည့် ကော်မတီများဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံရေးဆွဲဖော်ပြထားပြီးဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် သေချာပိုင်နိုင်စွာ လေ့လာထားရှိရန် အကြံပြုပြောကြားလိုပါကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ငါးနှစ်တာကာလအတွင်း လုပ်ငန်းများကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် အမြဲတမ်းအတွင်းဝန်က တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

---

**❋ မြိတ်မြို့မှ**

ယခုနှစ်မိုးစပါးစိုက်ပျိုးရာ၌ ပေါင်ပျိုးစနစ်၊ ရိုးရိုးပျိုးထောင်စနစ်၊ မျိုးစေ့တိုက်ရိုက်ချစနစ်တို့ဖြင့် ဒေသရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော (GW-11)၊ ဆင်းသုခ၊ မနောသုခ၊ ဆင်းသွယ်လတ်၊ ပေါ်ဆန်း၊ ရောမင်းနှင့် အောင်နိုင်တိုး စသည့်စပါးမျိုးများကို စိုက်ပျိုးသွားမည့်အပြင် တခြားဒေသမျိုးများကိုလည်း စိုက်ပျိုးသွားမည်ဖြစ်ပြီး မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးပညာပေးခြင်း၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးနည်းများကို နည်းပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

မြိတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် ဧက ၄၁၂၆၀ စိုက်ပျိုးခဲ့ကာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၇၄ ဒသမ ၀၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

---

**✪ အထူးကုဆေးရုံမှ**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုရေးဝန်ကြီးတို့က သွားနှင့်ခံတွင်းရောဂါအထူးကုဌာနကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး **(ယာပုံ)**သံဃာတော်အပါး ၅၀ အား အံကပ်တပ်ဆင်ပေးနေမှု၊ သွားနှင့်ခံတွင်းရောဂါအထူးကုသခန်းများ၊ သွားနှင့်ခံတွင်း အထူးခွဲစိတ်မှုခန်းတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။



**ကုသမှုခံယူနိုင်**

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးပြည့်ဝသော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရေးအတွက် သွားနှင့်ခံတွင်းအထူးကုဆေးရုံကို နေပြည်တော်၌လည်းကောင်း၊ သွားနှင့်ခံတွင်းရောဂါအထူးကုဌာနများကို မန္တလေးပြည်သူ့ဆေးရုံကြီး ကန်တော်နဒီကုသဆောင်တွင်လည်းကောင်း၊ ရန်ကုန်တွင်အထူးကုဆေးရုံ(သာကေတ)နှင့် ရန်ကုန်တက္ကသိုလ်ဆေးရုံတို့တွင်လည်းကောင်း ယခုအထူးကုဆေးရုံ (မင်္ဂလာဒုံ)တွင်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် သွားနုတ်ခြင်း၊ သွားဖာခြင်း၊ သွားစိုက်ခြင်း၊ သွားကျောက်ခြစ်ခြင်း၊ အံကပ်တပ်ဆင်ခြင်း အစရှိသည့်ကုသမှုများကို လာရောက်ကုသမှုခံယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

## တောင်သမန်အင်းရေပြင် ဗေဒါကင်းစင်ပြီး သန့်ရှင်းနေစေရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ **အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ဗွက်ကြီးချောင်းတံတားထိပ်နှင့် ကြေးနီချောင်းတံတားထိပ်တွင် တံတားအသုံးပြုခွင့်ဂိတ်နှင့် လမ်းအသုံးပြုခွင့် ကောက်ခံဂိတ်တို့ ပေါင်းစပ်ဖွင့်လှစ်ထားသည်ကို တွေ့ရှိရသဖြင့် အောင်လံမြို့သူ မြို့သားများသည် မိမိတို့နေထိုင်ရာ မြို့နယ်အတွင်း သွားလာနေမှုတွင် ဂိတ်နှစ်ဂိတ်တို့၏ အသုံးပြုခွင့်ကောက်ခံခြင်းကို ပေးဆောင်နေကြရကြောင်း စိစစ်တွေ့ရှိရပြီး ဗွက်ကြီးတံတားဂိတ် တစ်ခုတည်းသာထားရှိ ဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသဖြင့် အောင်လံမြို့ရှိ ကြေးနီချောင်းဂိတ်ကို အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပ သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်နှင့် ပြောင်းရွှေ့ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က အောင်လံ (အထွက်)ဂိတ် (ကြေးနီချောင်း)ကို ဖြတ်သန်းသွားလာသောဂိတ်အနီးရှိကျေးရွာများမှ မော်တော်ယာဉ်များအား လမ်းနှင့် တံတားအသုံးပြုခြင်းအတွက် အခမဲ့ခွင့်ပြုထားပါကြောင်း။

အောင်လံမြို့တွင်းမှ ယာဉ်များ အောင်လံ(အထွက်) (ကြေးနီချောင်း)ဂိတ်သို့ ဖြတ်သန်းသွားပါက အသွားတစ်ကြိမ်သာကောက်ခံပြီး တစ်နာရီအတွင်း ပြန်ဝင်လာပါက ထပ်မံကောက်ခံခြင်းမရှိဘဲ ဖြေလျှော့ပေးထားကာ အောင်လံ(အဝင်) ဗွက်ကြီးဂိတ်နှင့် အောင်လံ(အထွက်) (ကြေးနီချောင်း)ဂိတ် သတ်မှတ်မိုင်တိုင် အတွင်းရှိ အောင်လံမြို့နှင့် ကျေးရွာများမှ မော်တော်ယာဉ်များ ကိုလည်း အခမဲ့ခွင့်ပြုထားပါကြောင်း။

Max Highway Co.,ltd. (BOT) အနေဖြင့် အောင်လံခရိုင် အောင်လံ-ကိုးပင်လမ်းပိုင်း (မိုင်တိုင် ၆၁ မိုင် ၇ ဖာလုံ)အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အရေးပေါ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အောင်လံ(အထွက်) (ကြေးနီချောင်း)ဂိတ်အား အောင်လံမြို့နယ် နယ်နိမိတ်အဆုံး မိုင်တိုင် (၂၃၀/၅) အပြင်ဘက်သို့ ပြောင်းရွှေ့မည်ဆိုပါက လမ်းအသုံးပြုခကောက်ခံရရှိမှုများ လျော့နည်းသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ငွေများလျော့နည်းနိုင်ခြင်း၊ တန်ပိုထိန်းသိမ်းနိုင်မှုလျော့ကျနိုင်ခြင်း တို့ကြောင့် လမ်း/တံတားများ ပိုမိုပျက်စီးလာနိုင်သည့်အတွက် အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပသို့ ဂိတ်များပြောင်းရွှေ့ရန် သင့်လျော်မှုမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာသို့ ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ကျောက်ချောလမ်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** အဖွဲ့ဝင် ဦးခင်မောင်လတ်က တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်အုပ်စု ချင်းစုကြာပင်အင်း ကျေးရွာချင်းဆက် လမ်းသည် လက်ရှိ လေးမိုင်အရှည်ရှိပြီး ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက လမ်းအကျယ် အနည်းဆုံး ၂၄ ပေရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၇၅၄ အိမ်၊ လူဦးရေ ၂၈၄၂ ဦး အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင် ကျေးရွာလမ်းပိုင်း ကျောက်ချောလမ်း ဖြစ်မြောက်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ ကျောက်ချော လမ်းခင်းခြင်း လုပ်ငန်းအား နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက်လျာထား တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း ပွားများနေသော ဗေဒါပင်များကို ပိုမိုရှင်းလင်းနိုင်စေရေး၊ ထပ်မံမရောက်စေရေး၊ မပွားများစေရေးနှင့် သန့်ရှင်းသာယာသော အင်းရေပြင် ဖြစ်ရေးတို့အတွက် မည်သို့ ဆောင်ရွက်ပေးသွားမည်၊ နွေရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးမြေများ ယခုထက်ပေါ်ထွန်း လာစေရေးအတွက် ရေဝပ်ဧရိယာ နည်းပါးအောင် မည်သို့ လုပ်ဆောင်သွားမည်၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ဖြစ်ပေါ်လာစေရေး မည်သို့ စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သမန်အင်းအတွင်းသို့ ရေဝင်သည့်နေရာတွင် ဗေဒါစစ်ဆန်ခါများထားရှိ၍ ဗေဒါထပ်မံမရောက်ရှိစေရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ပေါ်ထွန်း လာစေရေးအတွက် တောင်သမန်အင်း ပတ်လမ်းများနှင့် ဦးပိန်တံတားပတ်ဝန်းကျင်အား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ နေ့စဉ် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၌ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ပြီး အင်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းအား ငါးလုပ်ငန်းရှင်များထံသို့ လေလံပေးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အတွက် အင်းအတွင်း ဗေဒါဆယ်ယူခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလေလံလုပ်ငန်းရှင်တို့မှ "အင်းရေပြင် ဗေဒါကင်းစင်ပြီး သန့်ရှင်း နေစေရေးအတွက်" အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗေဒါဆယ်ယူခြင်းလုပ်ငန်းကို မြို့တော်စည်ပင်မှ Back Hoe အကူအညီဖြင့် တောင်သမန်အင်းဆွဲဝယ်ယူရရှိသူမှ စက်သုံးဆီနှင့် လူအင်အားကူညီ၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆီရရှိရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသောကြောင့် ယာယီ ရပ်နားထားကြောင်း၊ တောင်သမန်အင်း ဂရန်ကိုင်မှ ဗေဒါဖြတ်ဖောင်ငယ်ဖြင့် တစ်ပိုင်တစ်နိုင် ဆက်လက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေများကို ယခုထက် ပေါ်ထွန်းရေးအတွက် ရေထွက်လမ်း တစ်လျှောက် ဗေဒါများ ရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ကလေး မဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ ကလေးမြို့ မြောက်ပိုင်း ကျေးရွာအများစုမှာလည်း ဓာတ်အားလိုင်းများ သွယ်တန်းပြီး လျှပ်စစ်မီးများရရှိနေပြီးဖြစ်သော်လည်း ယခုအခါ ရေအားလျှပ်စစ် စက်ပစ္စည်း (Berrim)များ ပျက်စီးနေခြင်း၊ ရေလှောင်တမံထဲတွင် နုန်းများရှိနေခြင်းကြောင့် အသုံးမပြုနိုင်သည်မှာ နှစ်အတော်ကြာခဲ့ပြီးဖြစ်ပါသဖြင့် ယခင်စီမံကိန်းရှိသည့်အတိုင်း ကလေးမြို့ပေါ် ရပ်ကွက်များနှင့် ကျေးလက်ဒေသများ မီးလင်းနိုင်ရေး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေး၊ ရာဇဂြိုဟ် ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်မွမ်းမံပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း နှစ်စဉ်ဝင်ရောက်ခဲ့သော သဲနုန်းများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ စုစုပေါင်း သဲနုန်းကျင်း သုံးသိန်းကျော်ကို နုန်းစုပ်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ၂၀၂၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများတွင် တမံရေယူအဆောက်အအုံရှေ့၌ နုန်းနှင့်အမှိုက်များ ပိတ်ဆို့မှုများကို ဖယ်ရှားဆောင်ရွက်၍ စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း နုန်းနှင့်အမှိုက်များ ဝင်ရောက်မှုများပြားလာခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ရပ်နားခဲ့ရပြီး ရေပိုလွှဲမှ ကျော်ကျခဲ့သောရေအား တူးမြောင်းမကြီးအတွင်းသို့ ရေလွှဲသွင်း၍ မိုးစပါးအောင်ရေပေးဝေခဲ့ပါကြောင်း။

အကျိုးပြု စိုက်ပျိုးမြေဧရိယာပြည့်မီစွာ ရေပေးဝေနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း သဲနုန်းဖယ်ရှားရေးသည် လုပ်ငန်းပမာဏကြီးမားလွန်းခြင်းနှင့် ကုန်ကျစရိတ် များပြားနိုင်ခြင်းတို့ကြောင့် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ တောင်သူလယ်သမားများဘဝအတွက် လိုအပ်သည့် လုံလောက်သည့်ချေးငွေများ၊ စက်မှုကို အထောက်အကူ ဖြစ်စေသည့် လယ်ယာထွန်စက်များ၊ သီးနှံသိုလှောင်မှုနေရာ၊ နည်းပညာများနှင့် ဈေးကွက်များ ဖန်တီးပေးရေးတို့ကို နိုင်ငံတော်အစိုးရမှ ကူညီဆောက်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်မရှိပါက ဦးစားပေးအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်တို့အား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် စိုက်ပျိုးနည်း ပညာများကို စိုက်ပျိုးရေးဦးစီးဌာန မြေဆီလွှာ၊ မျိုးစေ့နှင့် ပိုးမွှားရောဂါဆိုင်ရာ ကျွမ်းကျင် ဝန်ထမ်းများက နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့်လည်း ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ထွန်စက်ကြီး ၁၅ စီး၊ လက်တွန်းထွန်စက် ၆၅၀၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးကို တောင်သူများထံသို့ လက်ငင်းစနစ်ဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ **စာမျက်နှာ ၁၀ သို့** ❍



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ရပ်စောက်မြို့နယ်၊ မာန်အောင်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့တွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး နှစ်အလိုက်လျာထားဆောင်ရွက်မည်

နေပြည်တော် ဇွန် ၃

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ ဆိုလာဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ မီတာခ လျှော့ပေါ့ကောက်ခံရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ခန္တီးမြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် နေရောင်ခြည်စွမ်းအင်တစ်ခုတည်းဖြင့် လုံလောက်မှုမရှိသဖြင့် ဆိုလာဓာတ်အားပေးစက်ရုံတွင် Hybrid စနစ် ထည့်သွင်းတည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ခန္တီးမြို့အား ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးမည်ဆိုပါက ဘက်ထရီသက်တမ်းနှင့် ဆိုလာသက်တမ်းအပြည့်အဝ သုံးစွဲနိုင်ရန်အတွက် နေရောင်ခြည်ကောင်းစွာ မရရှိသောနေ့များနှင့် ဘက်ထရီအား ၅၀ ရာခိုင်နှုန်းအောက် ရောက်ရှိချိန်များတွင် ဒီဇယ်ဓာတ်အားပေး စက်များမောင်းနှင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ခန္တီးမြို့သည် မိုးရာသီနှင့် ဆောင်းရာသီ ကာလများတွင် နေရောင်ခြည် ကောင်းမွန်စွာ မရရှိသဖြင့် အဆိုပါကာလများတွင် ဆိုလာမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှု နည်းပါးနိုင်ပြီး ဘက်ထရီအားသွင်းရန်လည်း နည်းပါးနိုင်သဖြင့် အဆိုပါရက်များတွင် အချိန်အနည်းငယ်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဆိုလာနှင့် ဘက်ထရီမှ ထုတ်လုပ်သော ဓာတ်အားဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက ခန္တီးမြို့တွင် လျှပ်စစ်မီးအသုံးပြုနိုင်မှုသည် နေရောင်ခြည်ရရှိမှုပေါ်တွင် အဓိကမူတည်နေမည်ဖြစ်၍ အရေးကြီးနေရာများအား ၂၄ နာရီဓာတ်အားမပေးနိုင်ပါကြောင်း၊ ၂၄ နာရီ ဓာတ်အားရရှိလိုပါက ဒီဇယ်ဓာတ်အားပေးစက်များကို တစ်နေ့လျှင် အနည်းဆုံး နှစ်နာရီခန့် မောင်းနှင်ဓာတ်အားပေးရန် လိုအပ်မည်ဖြစ်ပြီး ဒီဇယ်ဆီတစ်ဂါလန်ဖြင့် စက်မောင်းနှင်ပါက စက်ထွက် ၁၄ ယူနစ်ခန့်သာ အများဆုံးအသုံးပြုနိုင်ပြီး ဒီဇယ်ဆီတစ်ဂါလန်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၄၄၀၀၀ ခန့်ရှိခြင်းကြောင့် တစ်ယူနစ်ဈေး ၃၁၄၃ ကျပ်ခန့် ကျသင့်မည်ဖြစ်ပါကြောင်း။

**ဓာတ်အားခ လျှော့ချကောက်ခံနိုင်ရေး**

သို့ပါ၍ ဆိုလာနှင့် ဘက်ထရီကိုသာအသုံးပြု၍ ခန္တီးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းဆောင်ရွက်ပါက ၂၄ နာရီ ဓာတ်အားရရှိနိုင်မည် မဟုတ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်နိုင်မှုသည် နေရောင်ခြည်ရရှိမှုအပေါ်တွင် အလုံးစုံမှီခိုနေရခြင်းကြောင့် တစ်ရက်နှင့်တစ်ရက် ဓာတ်အား ရရှိရန် မတူညီနိုင်ပါကြောင်း၊ နေရောင်ခြည် လုံလောက်စွာမရရှိသော အချိန်များတွင် ဓာတ်အား ပြတ်တောက်မှုများ ရှိနိုင်ပါကြောင်း၊ အဆိုပါ အခြေအနေဖြင့် ဓာတ်အားခတစ်ယူနစ် (တစ်ကီလိုဝပ် နာရီ) ဈေးနှုန်းကို ငွေကျပ် ၉၀၀ ဖြင့် လျှော့ချကောက်ခံနိုင်ရန်အတွက် ခန္တီးမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြန်လည်ချုပ်ဆိုသွားရန် အစီအစဉ်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်း ကျေးရွာ၊ တောင်ထိပ် ကျေးရွာများအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောက်ဂူ ကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်း ကျေးရွာ၊ တောင်ထိပ် ကျေးရွာတို့သည် အင်တောမြို့နှင့် ကျောက်ဂူကျေးရွာအကြား တည်ရှိပြီး ကျောက်ဂူကျေးရွာမှ ရှစ်မိုင်အတွင်း တည်ရှိသော ကျေးရွာများဖြစ်ပါကြောင်း၊ ယင်းကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် အစိုးရ ရန်ပုံငွေများဖြင့် တောင်ထိပ်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅၂ မိုင်၊ တောင်သူကုန်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင်၊ စံပယ်ကုန်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဆီဆုံဂနိုင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင်တို့အား တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော် ဇော်ဂျီအမှတ်(၂) ဓာတ်အားပေးစက်ရုံရှိ ၁၁/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ Isolation Transformer သည် အမြင့်ဆုံးဝန်အား ၁ ဒသမ ၄ မဂ္ဂါဝပ်အထိ ရှိနေပြီဖြစ်သည့်အတွက် အဆိုပါကျေးရွာလေးရွာအား ထပ်မံဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိခဲ့ပါကြောင်း။

ဇော်ဂျီ(၂) ကျောက်ဂူ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါ ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှသာ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်း ကျေးရွာ၊ တောင်ထိပ် ကျေးရွာတို့အား ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာလေးရွာတွင်ထပ်မံတည်ဆောက်ရန် လိုအပ်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၁၁/ သုည ဒသမ ၄ ကေဗွီထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမည့်ကာလနှင့် ကိုက်ညီအောင် ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားပြင်ပစနစ် (OFF Grid) ဖြင့် နေစွမ်းအင်သုံးစီမံကိန်း(Solar Power Project) ကဲ့သို့ စီမံကိန်းတစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် မာန်အောင်ကျွန်းတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံ KOICA တို့ ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာမှုအရ အဆင့်သုံးဆင့်ဖြင့် Solar Power Plant များ တည်ဆောက်၍ဓာတ်အားပေးနိုင်ရန် စီမံချက်ရေးဆွဲခဲ့ပါကြောင်း။

**ဓာတ်အားဖြန့်ဖြူးပေး**

ပထမဆင့်အနေဖြင့် မာန်အောင်ကျွန်း ခအုန်းမော်ကျေးရွာ မြေဧက ၁၅ ဧကပေါ်တွင် သုည ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ်အား မြေဧကနှစ်ဧကကို အသုံးပြု၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Posco Daewoo Co.,Ltd. ၏ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့ပြီး မာန်အောင်မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာလေးရွာအား ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစ၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ဒုတိယအဆင့် အနေဖြင့် ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃၄ ဒသမ ၄ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၃ ဒသမ ၆ မိုင်၊ ထရန်စဖော်မာ ၅၃ လုံးအား ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ကြိုတင် တည်ဆောက်ထားပြီး ဖြစ်ပြီး ကျန်ရှိသည့် ၂ ဒသမ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ခအုန်းမော်ကျေးရွာရှိ သုည ဒသမ ၅ MW Solar Power Plant မှ ကျန်မြေဧက ၁၃ ဧက ပေါ်တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂ ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator)စနစ် တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်၍ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒုတိယအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့်တတိယအဆင့်အား အဆင့်အလိုက် ဆက်လက်လျာထား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် လမ်းမီးများအား နေရောင်ခြည်စွမ်းအင်သုံး(Solar Power System) ဖြင့် လျှပ်စစ်မီးတပ်ဆင်ပေးသွားနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အတွင်း လမ်းမီးလုံးရေ ၂၀၀၀ ခန့် တပ်ဆင်ရန် ရှိသည့်အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ ခွဲဝေပေးချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကုန်ကျစရိတ်ဖြင့် ဦးဥတ္တမလမ်း၊ ဈေးလမ်း၊ ငလပွေ့လမ်းဟောင်း၊ ငလပွေ့လမ်းသစ်၊ ပိတောက်ရွှေဝါလမ်း၊ ရုံးတက်လမ်း၊ ကမ်းနားလမ်း စသည့်လမ်းများနှင့် စေတီယျရပ်ကွက်နှင့် ပြင်ဖူမော်ရပ်ကွက် စသည့်နေရာများတွင် ၂၀၀ ဝပ် ဆိုလာလမ်းမီးအလုံးရေ ၁၀၀၀ အား တပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

တပ်ဆင်ရန် ကျန်ရှိသည့် ဆိုလာလမ်းမီးများအား မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ညှိနှိုင်း၍ လာမည့်ဘဏ္ဍာနှစ်များတွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်တပ်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်းက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၁၀ သို့** ✻




တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

★ **ကျောဖုံးမှ**

ရွှေစက်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့(Fund RC-Investments) ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ရွှေစက်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အကြား စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့၌ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး၊ ရွှေစက်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

○ **စာမျက်နှာ ၈ မှ**

တောင်သူ လယ်သမားများ လယ်ယာသုံး စက်ကိရိယာများ၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ ဆန်စက်များကို ဝယ်ယူနိုင်စေရန် အတိုးနှုန်း ခြောက်ရာခိုင်နှုန်း၊ ချေးငွေပမာဏ ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ငွေကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍတို့ဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားရန် ၂၀၂၆ ခုနှစ် ဧပြီ ၄ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ကြေညာထားပါကြောင်း၊ သီးနှံ သိုလှောင်ရုံနေရာ ရရှိရေးနှင့် ပတ်သက်၍ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သီးနှံ ဈေးကွက်များ ဖန်တီးပေးရေးအတွက် တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တွင် မူလခွင့်ပြုထားသည့် သီးနှံ/ကုန်စည် ကိုးမျိုးကို ဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်စည်ခုနစ်မျိုးကို တရုတ်နိုင်ငံ ဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း၊ စိုက်ပျိုးထွက်ရှိသည့် သီးနှံများ ဈေးကွက်ရရှိရန် သီးနှံအလိုက် ချေးငွေနှုန်းထားများ တိုးမြှင့်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာ ချေးငွေများ တိုးမြှင့်ပေးခြင်း၊ သွင်းအားစုများ ရရှိရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ ကန်ထရိုက် လယ်ယာစနစ်ကို အားပေးမြှင့်တင်ခြင်း၊ ပန်းတိုင် အထွက်နှုန်းသတ်မှတ်ပြီး ထုတ်လုပ်မှုတိုးတက်အောင် တွန်းအားပေး ဆောင်ရွက်ခြင်း၊ သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာကို တွဲဖက်အသုံးပြုပြီး သွင်းအားစု စရိတ် သက်သာစေရန် ပညာပေးခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုပံ့ပိုးပေးပြီး သီးနှံနှင့်ပေးချေစေသည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ၊ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာအနီး နမ့်လွေချောင်း၌ ဒေသခံတောင်သူများသည် မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်ပြုလုပ်၍ နမ့်လွေချောင်းမှရေကို သွယ်ယူကာ စိုက်ပျိုးလျက်ရှိပါကြောင်း၊ အဆိုပါ လက်ရိုက်ဆည်သည် မိုးတွင်းကာလ မိုးရွာသွန်းမှုများပြားပါက မကြာခဏကျိုးပေါက်လေ့ရှိကြောင်း၊ သို့ဖြစ်၍ ဝမ်တောင်းကျေးရွာရှိဒေသခံတောင်သူများ၏ လယ်မြေဧက ၁၆၀ မှာ မိုးသီးနှံ၊ နွေသီးနှံ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန်အတွက် အဆိုပါလက်ရိုက်ဆည်ကိုကျောက်စီကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် **အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံ ဈေးနှုန်းထိန်းညှိရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့် စပ်လျဉ်း၍** ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံနှင့် အတွင်းရေးမှူးအဖြစ် ချောင်းဦး မဲဆန္ဒနယ်မှ ဦးထွန်းလွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ **စာမျက်နှာ ၉ မှ**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများသည် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီ၏ ကြီးကြပ်မှုများဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဗဟိုဌာန (Anti-Scam Centre)ကို ဖွဲ့စည်းပြီး ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေးအော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများအကြား သံသယဖြစ်ဖွယ်အကောင့်များ၏ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို ဒီဂျစ်တယ်စနစ်များ အချက်အလက်ဖလှယ်မှု နည်းပညာ (Application Programming Interface-API) မှတစ်ဆင့် အပြန်အလှန်ချိတ်ဆက်၍သတင်းအချက်အလက်များ ဖလှယ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အွန်လိုင်းလိမ်လည်မှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်သည့်အပြင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရ၍ နစ်နာသူဆုံးရှုံးသွားသည့် ငွေကြေးစီးဆင်းမှုများကို အာဆီယံရဲတပ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့နှင့်ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်ပြီး အချိန်မီပိတ်သိမ်းခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူများကိုလည်း ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစား ဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီအရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန် ၈ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---



၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိရာ ဇွန် ၃ ရက် နံနက်ပိုင်းက ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း၊ ခရိုင်ပညာရေးမှူး ဦးစောသိန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြစဉ်။ မြို့နယ်(ပြန်/ဆက်)

---

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှု ကြည့်ရှုအားပေး

ပဲခူး ဇွန် ၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီးတွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးခရိုင် သနပ်ပင်မြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဦးစွာ ပဲခူးခရိုင် သနပ်ပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ထို့နောက် သနပ်ပင်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် ဈေးပိုင်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များ၌ ကျောင်းသားကျောင်းသူများ သတ်မှတ်အတန်းများအလိုက် စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ ဆရာဆရာမများ၏ သင်ကြားပြသပေးနေမှု၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ ပြည့်စုံစွာ ထောက်ပံ့ပေးအပ်ထားရှိမှုကို ကြည့်ရှုအားပေးပြီး အခြေခံပညာကျောင်းများအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ဧရာဝတီတိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ဧရာဝတီတိုင်းဒေသကြီး အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ စာရင်းအင်းဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခဲ့မှုနှင့် ယခုထုတ်ပြန်သည့် တိုင်းဒေသကြီးအစီရင်ခံစာပါ အချက်အလက်များကိုအခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီး အစီရင်ခံစာများကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် လပွတ္တာမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကောက်ယူခြင်းလုပ်ငန်းကို လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ(ASPU)တို့ ပူးပေါင်း၍ ရုရှားဘာသာစကားဆိုင်ရာပညာရေးနှင့် သင်ကြားရေးနည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်

**မန္တလေး ဇွန် ၃**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တစ်ရပ်အဖြစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (Mandalay University of Foreign Languages–MUFL)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Altai State Pedagogical University of the Russian Federation–ASPU) တို့ပူးပေါင်းကျင်းပသည့် ပညာရေးဆိုင်ရာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် (MUFL)၌ ကျင်းပသည်။



အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Altai State Pedagogical University of the Russian Federation မှ ပါမောက္ခတို့က ဖွင့်လှစ်ပေးပြီး တက္ကသိုလ်ရှိ ယဉ်ကျေးမှုပြခန်းအတွင်း တရုတ်၊ ထိုင်း၊ ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ အင်္ဂလိပ်၊ မြန်မာတို့၏ရိုးရာယဉ်ကျေးမှုပြကွက်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းများဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ရုရှားဘာသာ ကျောင်းသား ကျောင်းသူများက ပါရာညာရုရှား ရိုးရာအကနှင့် ကာလင်းကာရုရှားရိုးရာ ကျေးလက်အကများဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါသင်တန်းများကို ဇွန် ၁၀ ရက်အထိဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆရာ ဆရာမများအတွက် သင်ကြားနည်း ဆိုင်ရာသင်တန်း၊ မဟာတန်းကျောင်းသား ကျောင်းသူများအား သင်ခန်းစာပို့ချချက်ဆိုင်ရာသင်တန်း၊ ရုရှားဘာသာစကား စတင်လေ့လာသူများအတွက် အခြေခံရုရှားဘာသာရပ်ဆိုင်ရာ သင်တန်းများ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများသို့ မျိုးနှင့် သွင်းအားစုများ ပေးအပ်

**နေပြည်တော် ဇွန် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အင်ဘက်ကုန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်း လီမိတက်မှ အသင်းသားတောင်သူများကို မျိုးနှင့် သွင်းအားစုများ ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး အသင်းသား ၂၃ ဦး၏ စိုက်ပျိုးမြေ ၅၅ ဧကအတွက် မျိုးနှင့် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် မွေးမြူလျက်ရှိသော နွားမွေးမြူရေးလုပ်ငန်းနှင့် တပ်ကုန်းမြို့ ငွေတိုးလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဒေါ်ဟေမာကျော်၏ ငွေနှင်းမှိုအထုပ် ၅၀၀၀ ကျော် စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုအားပေးကာ ဒက္ခိဏသီရိမြို့နယ်ရွာသစ်ကျေးရွာ၌ ရွာသစ် စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူ ၁၇ ဦး၏ လယ်မြေ ၈၃ ဧကအတွက် မျိုးနှင့် သွင်းအားစုများ ပေးအပ်ပြီး ဆိုလာစိုက်ပျိုးရေတင်စနစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့များ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဇွန် ၃**

နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ် လာရောက်လည်ပတ်ကြသည့် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း၊ အဖွဲ့တို့မှ အဖွဲ့ဝင် ၃၆ ဦးနှင့် အုပ်ချုပ်သူငါးဦး စုစုပေါင်း ၄၁ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြသည်။

အဆိုပါ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များသည် ဇွန် ၄ ရက်နှင့် ၅ ရက်တွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ သူရဲကောင်းစစ်သည်ဗိမာန်၊ လှေ့ခွင်းတောင်အပန်းဖြေစခန်း၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်(ဗုဒ္ဓဂါယာ)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း)နှင့် စစ်သမိုင်းပြတိုက်များသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ကြီးကြပ်မှု တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၏ စီစဉ်မှုဖြင့် နေပြည်တော်လေ့လာရေးခရီးစဉ်ကို နဝမအကြိမ်အဖြစ် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပညာ
ရွှေအိုး
လူ
မခိုး

ပညာ
ရဲရင့်
ပွဲလယ်
တင့်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ လူတိုင်း တစ်နှစ် သစ်ပင်နှစ်ပင်စိုက်ကြစို့



ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)


**ကျွန်တော်တို့ တစ်ဦးချင်း တစ်ယောက်ချင်းဟာ နောက်တစ်နေ့၊ နောက်တစ်လ၊ နောက်တစ်နှစ် ဘာဖြစ်မလဲဆိုတာ သိချင်ကြတာသဘာဝပါပဲ။ အနာဂတ်ကမ္ဘာဟာ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ပါ့မလား၊ အနာဂတ်ပတ်ဝန်းကျင်မှာ ဒုက္ခအပေါင်းမှ ကင်းဝေးချင်၊ အနာဂတ် ဘာဖြစ်မလဲသိချင်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်အနာဂတ်ဘဝကို စိုးရိမ်ပူပန်ပြီး တွေးပူလို့ဖြစ်ပါတယ်။**


ရာသီဥတုတွေ ကမောက်ကမဖြစ်လို့ မုန်တိုင်းကြီးငယ်တွေနဲ့ကြုံရ၊ ရေလွှမ်းမိုးတဲ့နေရပ်မှာ နေကောင်းနေကြရနိုင်တယ်။ ကျွန်တော်တို့ဘယ်လိုနေထိုင်သင့်သလဲ၊ ဘာတွေလုပ်သင့်သလဲဆိုတဲ့ အဖြေရှိပါပြီလား။ ရာသီဥတုကမောက်ကမဖြစ်မယ်၊ မုန်တိုင်းကြီးငယ်တွေနဲ့ ကြုံရဦးမယ်။ ပညာတတ်ရင်၊ သိပ္ပံနဲ့နည်းပညာတတ်ကျွမ်းရင် မိသားစုကို ထိန်းနိုင်လောက်ပါမယ်။

**ပြဿနာများစွာရဲ့ ဇာစ်မြစ် (၁)**

၁၉၀၀ ပြည့်နှစ်က လူဦးရေဟာ ၁ ဒသမ ၆ မှ သုံးဘီလီယံကြားရှိရာမှ ၂၀၀၀ ပြည့်နှစ်မှာ ခြောက်ဘီလီယံ၊ ၂၀၄၀ ပြည့်နှစ်လောက်ရောက်ရင် ကမ္ဘာ့လူဦးရေဟာ ရှစ်ဘီလီယံနီးပါး၊ ၂၀၅၀ မှာဆိုရင် ကမ္ဘာ့လူဦးရေဟာ ၉ ဒသမ ၇ မှ ၁၀ ဘီလီယံဝန်းကျင်အထိရှိလာမယ်လို့ ကုလသမဂ္ဂ (UN)က ခန့်မှန်းထားပါတယ်။

၁၉၀၀ ပြည့်နှစ်မှာ လူဦးရေ သုံးဘီလီယံခန့်မှာသစ်တောဟက်တာက ခြောက်ဘီလီယံရှိပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ လူဦးရေ ခြောက်ဘီလီယံမှာ သစ်တောဟက်တာ သုံးဘီလီယံ။ နှစ်တစ်ရာအတွင်းမှာ (၆ – ၃ = ၃) သစ်တောဟက်တာ သုံးဘီလီယံ ပျက်ပြုန်းခြင်းကြောင့် လေထုအတွင်း ပုံမှန်ရောက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို သစ်တောတွေက စုပ်ယူနိုင်စွမ်းကျဆင်းသွားခဲ့ပြီး ကာဗွန်ဒိုင်အောက်ဆိုက်မြင့်တက်လာပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ ၄၀၁ ပီပီအမ် အထိ ကြောက်ခမန်းလိလိ မြင့်တက်ခဲ့ပါတယ်။ ကမ္ဘာကြီးပူနွေးလာပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သိပ္ပံအခေါ်အရ မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (Greenhouse gases) လို့ခေါ်တယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ပုံမှန်အတိုင်း (၂၈၅–၃၀၀ ပီပီအမ်)ဆိုရင် မိတ်ဆွေဓာတ်ငွေ့ဖြစ်ပါတယ်။ သစ်ပင်သစ်တောတွေ၊ လယ်ယာစပါး ကောက်ပဲ




သီးနှံတွေဖြစ်ဖို့ အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ – ၆၀ အတွင်း ကမ္ဘာကြီးပူနွေးလာပြီး ကမ္ဘာ့ဒေသအချို့မှာ စိုက်ပျိုးမြေတွေ ပပ်ကြားအက်ကွဲခြင်း၊ မြစ်ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း မကြာခဏတိုက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ရေခဲတောင်နဲ့ ရေခဲမြစ်တွေ အရည်ပျော်ခြင်း၊ တောမီးလောင်ခြင်း၊ မြေဆီလွှာခန်းခြောက်တာတွေနဲ့ မကြုံစဖူး ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။

သစ်တောဟက်တာနည်းရခြင်းရဲ့ အကြောင်းတရားက –

- ကျေးလက်ထင်းမီးသွေးအဖြစ် အသုံးပြုခြင်း၊
- တောင်စွယ်တောင်ကုန်းတွေမှာ တောမီးရှို့ ရွှေ့ပြောင်းတောင်ယာကြောင့် သစ်တောသစ်ပင်တွေပျက်ပြုန်းခြင်း၊ ပျောက်ဆုံးခြင်း၊
- စားကျက်မြက်ခင်း ဖော်ထုတ်ခြင်း၊
- စိုက်ပျိုးရေးစီမံကိန်းတွေရဲ့ လိုအပ်ချက်အရ တောရှင်းရခြင်း၊
- တရားဝင် သစ်ခုတ်ခြင်း၊
- မြို့ပြဧရိယာတွေအတွက် သစ်တောဧရိယာတွေ လျော့နည်းလာလို့ပဲဖြစ်ပါတယ်။

**ကမ္ဘာကြီးကိုပူနွေးစေတဲ့ အဓိကဓာတ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ကိုယ့်ကြောင့် ပိုမထွက်စေဖို့လိုအပ်ပါတယ်။ ကိုယ်တစ်ယောက်တည်းအနေနဲ့ ဘယ်လိုလျှော့ချနိုင်မလဲဆိုတာကိုလည်း စဉ်းစားနိုင်မှဖြစ်ပါမယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူထုကိုအခြေခံရမယ်။ လူထုအတွင်းမှာရှိတဲ့ ထုတ်လုပ်၊ ရောင်းချ၊ သုံးစွဲသူတိုင်းမှာ တာဝန်ကိုယ်စီရှိကြရာ “တစ်ယောက် တစ်နှစ် သစ်ပင်နှစ်ပင်”စိုက်ကြရင် ရွှေတိုက်ကို စိုးနိုင်မှာဖြစ်**

**သစ်ပင်စိုက်ပျိုးဖို့ ဘာကြောင့် အရေးကြီးသလဲ…**

ကျွန်တော်တို့ဟာ “ဥတုရာသီ တောကိုမှီ၏” ဆိုတာနားလည်ကြတယ်။ “တောပြုန်းရင် မြေဆီသုဉ်းတယ်” ဆိုတာလည်း သိခဲ့ကြပါတယ်။ ဘိုးဘေးဘီဘင်လက်ထက်က “တစ်ပင်လဲ ဆယ်ပင်ထူ” ဆိုတဲ့ စကားရှိခဲ့တာမို့ သစ်တစ်ပင်ခုတ်ရင် ၁၀ ပင်စိုက်ကြဖို့ သိခဲ့ကြပါတယ်။ ဒါပေမဲ့ တစ်နှစ် သစ်ပင်ဘယ်နှပင် ဘာကြောင့်စိုက်ရသလဲဆိုတာ ဂဃနဏ မသိကြပါဘူး။

**ဇာစ်မြစ် (၂)**

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံတွေက ကျောက်မီးသွေး တန်တစ်ထောင်သုံးပြီး တစ်နာရီကြာ လျှပ်စစ်ထုတ်မယ်ဆိုရင် လေထုအတွင်းကို ကာဗွန်ဒိုင်အောက်ဆိုက် တန်နှစ်ထောင်ထုတ်လွှတ်ပါတယ်။ အမေရိကန်ပြည်ထောင်စုက မွန်ရိုးကျောက်မီးသွေးစက်ရုံဟာ ယနေ့ထိလည်ပတ်နေပြီး ၂၀၄၀ ပြည့်နှစ်မှာ ရပ်ဆိုင်းအနားယူမှာဖြစ်ပါတယ်။ လျှပ်စစ်လည်း ထုတ်ယူနေရဆဲ၊ ကာဗွန်ဓာတ်ငွေ့လည်းထွက်နေဆဲ၊ သစ်ပင်တွေလည်း စိုက်နေဆဲနိုင်ငံဖြစ်ပါတယ်။ လျှပ်စစ်နဲ့ ပစ္စည်းမျိုးစုံကို ထုတ်၊ အလုပ်လုပ်ကြပါတယ်။

တရုတ်နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ဟာ ကြီးမားတာကြောင့် ယန်ဇီမြစ်ကိုအခြေပြုပြီး အလွန်တရာကြီးမားတဲ့ရေကန်ကြီးသုံးခု (3 Georges Dams) တည်ဆောက်ပြီး လျှပ်စစ်ထုတ်သုံးစွဲခြင်းဟာ သူ့နိုင်ငံရဲ့ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်တင်းခြင်းပါပဲ။ တရုတ်နိုင်ငံဟာ သူ့ရဲ့ရေအားအရင်းအမြစ်ကို အခြေခံပြီး လျှပ်စစ်ထုတ်ရတာဖြစ်တယ်။ ရေအားလျှပ်စစ်ကို အားကိုးနေရမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ထုတ်ရာမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဥရောပနဲ့ ဂျပန်နိုင်ငံတို့ဟာ ကျောက်မီးသွေး၊ ရေနံ၊ အဏုမြူစွမ်းအင်၊ ရေအားနဲ့ နေရောင်ခြည် လျှပ်စစ်အသုံးပြုကြတာကို တွေ့ရပါတယ်။

**ကျွန်တော်တို့ ဘာတွေကြိုတင်ပြင်ဆင်ထားမလဲ…**

မိမိတို့နိုင်ငံအတွက် ဘယ်လိုစွမ်းအင်အရင်းအမြစ်ကိုပဲဖြစ်ဖြစ် အခြေခံပြီး လျှပ်စစ်ဓာတ်အားကို ထုတ်ယူကြရပါမယ်။ လောပိတ၊ ပေါင်းလောင်းရေအားလျှပ်စစ်၊ ရဲရွာရေအားလျှပ်စစ်တွေရှိတာမို့ လေထုကိုပူနွေးစေမယ့် ကာဗွန်ဓာတ်ငွေ့မထုတ်လွှတ်ကြပါဘူး။ မြစ်ချောင်း၊ အင်းအိုင်တွေ၊ တောင်ကျရေ၊ မြစ်ရေတွေကို ပိတ်ဆို့တားဆီးပြီး ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် နိုင်ငံဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာလာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန်ဖြစ်လာပါမယ်။ နိုင်ငံအတွက် အခြားသောစွမ်းအင်တွေဖြစ်တဲ့ နေရောင်ခြည်နဲ့လေအားကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်း၊ မိုးများတဲ့ဒေသတွေမှာ နည်းပညာအတော်အသင့်သာလိုတဲ့ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ကိုထုတ်သင့်ပါတယ်။


**တစ်နှစ်မှာ သစ်ပင်နှစ်ပင်စိုက် ကျေးဇူးဆပ်ရာရောက်**


ကမ္ဘာကြီးပူနွေးခြင်း၊ ပုံမမှန်ရာသီဥတုဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုံးမုန်တိုင်းတွေ မကြာခဏတိုက်ခတ်ခြင်း၊ တောမီးတွေလောင်ခြင်းဘေးအန္တရာယ်က ကာကွယ်ရာမှာ ကမ္ဘာအရပ်ရပ်စံနှုန်းကတော့ အသက် ၁၁ နှစ်နဲ့ အသက် ၆၀ ရှိ အမျိုးသား၊ အမျိုးသမီးတိုင်းဟာ တစ်နှစ်မှာ သစ်ပင်နှစ်ပင်စိုက်ကြဖို့ သတ်မှတ်ချက်တွေရှိပါတယ်။ အမြော်အမြင်နဲ့ တစ်နိုင်ငံလုံး နှစ်စဉ် ဇူလိုင်လ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲရယ်လို့ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပမှာဖြစ်ပါတယ်။

ကိုယ့်ဒေသအတွင်းကိစ္စ၊ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာတွေနဲ့ တက္ကသိုလ်၊ ကျောင်းပရဝဏ်တွေ၊ လမ်းမကြီးတွေဘေးမှာ လူထုလူမှုအဖွဲ့အစည်းတွေ၊ အစိုးရဝန်ထမ်းတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေက အိုးစည်၊ ဗုံ၊ မောင်းနဲ့ နှစ်စဉ်ပါဝင် သစ်ပင်တွေ စိုက်ပျိုးကြခြင်းအားဖြင့် အရိပ်အာဝါသရလို့ အေးမြတဲ့အပြင် လေထုထဲလည်း အောက်ဆီဂျင်ပိုပြီး ရောက်သွားတော့ လေထုဟာ သန့်ရှင်းလာမယ်။ ရောဂါဖြစ်စေတဲ့ ဗက်တီးရီးယားတွေလည်း ကင်းစင်လာမယ်။ ကျွန်တော်တို့နိုင်ငံအတွက် ရာသီဥတုရေမြေကောင်းမွန်တဲ့ ဥပမာ ကချင်နဲ့ ရှမ်းပြည်နယ်၊ ရောဝတီနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ပန်းမျိုးစုံစိုက်ပျိုးပြီး ကမ္ဘာကိုပန်းတင်ပို့နိုင်ရင် လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုက်ကိုလည်း လျှော့ချနိုင်မယ်။ ဝင်ငွေလည်း ပုံမှန်ရနိုင်မယ်လို့ ပြောချင်ပါတယ်။

ဘွဲ့ရတစ်ဦးဟာ သူပညာသင်ခဲ့တဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းပရဝဏ်အတွင်းမှာ သစ်ပင် ၁၀ ပင်စိုက်ခဲ့ရမယ်လို့ သတ်မှတ်ချက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၈၀ နီးပါးရှိရာ တက္ကသိုလ်၊ ကောလိပ်တစ်ခုမှာ ပျမ်းမျှ ဘွဲ့ရသူ အနည်းဆုံး တစ်ရာပဲရှိတယ်ဆိုပါစို့။ ထိုတက္ကသိုလ်မှာ နှစ်စဉ် သစ်ပင်တစ်ထောင်ပေါက်နေမှာဖြစ်ပါတယ်။ လက်တွေ့မှာ ဒီပမာဏထိမရှိဘူးဆိုတာ အလွယ်တကူမြင်နိုင်ပါတယ်။ သစ်ပင်စိုက်ပျိုးဖို့ အကောင်းဆုံးအချိန်ဟာ ဘယ်တုန်းကလဲဆိုရင် လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်က ဖြစ်ပါတယ်။ ဒုတိယ အကောင်းဆုံးအချိန်ဟာ ယခုဖြစ်ပါတယ်။ ကမ္ဘာ့လူသားတစ်ယောက်၊ အမျိုးသား အမျိုးသမီးတိုင်းဟာ ကမ္ဘာ့စံနှုန်းဖြစ်တဲ့ “တစ်ယောက် တစ်နှစ် သစ်ပင်နှစ်ပင်” စိုက်ကြရင် လူသားတစ်ယောက်အနေနဲ့ ကမ္ဘာကြီးကို ပူနွေးမှုဒဏ်က ကာကွယ်ရာရောက်၊ စောင့်ရှောက်ရာရောက်၊ ဒီကမ္ဘာမှာနေရတဲ့ ကျေးဇူးဆပ်ရာရောက်တယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

မိုးလေးတဖြိုက်ဖြိုက်အောက်မှာ မေလကုန်လောက်ကစပြီး သစ်ပင်စိုက်ပျိုးပွဲပမာ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဟာ သစ်ပင်တွေကို ကျယ်ကျယ်ပြန့်ပြန့် စတင်လှုပ်ရှား စိုက်ပျိုးဆောင်ရွက်ခဲ့တာ စာမျက်နှာ ၁၃ သို့ ◆







## မွန်ပြည်နယ်ဝန်ကြီးချုပ် အဆင့်မြင့်ဆန်စက်နှင့် စပါးအခြောက်ခံစက်ရုံ၌ ဆန်စပါးကြိတ်ခွဲနေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇွန် ၃**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (မော်လမြိုင်) သူနာပြုနှင့် သားဖွားဒီပလိုမာ အောင်လက်မှတ် အပ်နှင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် လမုတန်းလမ်းနှင့် ဆန်တန်းလမ်းရှိ ရွှေမြိုင် စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ အဆင့်မြင့် ဆန်စက်နှင့် စပါးအခြောက်ခံ စက်ရုံ၌ ဆန်စပါးကြိတ်ခွဲနေမှု၊ ဆန်အခြောက်ခံမှုနှင့် ဆန်ထုပ်ပိုးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးသွင်အောင် အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)၊ အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)နှင့် အမှတ်(၇)အထည်စက်ရုံ(မြစ်သား) တို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၃**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ရှိ အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) ၌ ချည်မျှင်ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ချည်မျှင်များကို သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးသတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် စီမံဆောင်ရွက်ရေး၊ စက်ရုံ၏ ဝင်ငွေ တိုးတက်ရရှိရေးအတွက် ထုတ်လုပ်ထားရှိသည့် ကုန်ချောလက်ကျန်များ ကုန်စင်အောင် ရောင်းချနိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ ထုတ်ကုန်များ တိုးမြှင့် ဆောင်ရွက်နိုင်ရေးတို့ကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့ အမှတ်(၇)အထည် စက်ရုံခွဲ (ဝမ်းတွင်း)နှင့် မြစ်သားမြို့ အမှတ်(၇)အထည် စက်ရုံ (မြစ်သား)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



◆ **စာမျက်နှာ ၁၂ မှ**

နှစ်စဉ် ဇူလိုင်လ ၂၇ ရက်နေ့ကို တစ်နိုင်ငံလုံး သစ်ပင်စိုက်ပျိုးတဲ့ရက်လို့သတ်မှတ်ကာ အိုးစည်၊ ဗုံ၊ မောင်းနဲ့ သစ်ပင်စိုက်ပျိုးပွဲရယ်လို့ ကျင်းပခဲ့ပါတယ်။ ယခင်က ပဲခူးရိုးမ တောင်စွယ်တောင်တန်းဟာ သစ်တောသစ်ပင်တွေကြားမှာ ယမ်းငွေ့နံ့တွေနဲ့ မွန်းကျပ်နေရာက နောင် ၁၅ နှစ်၊ နှစ်နှစ်ဆယ်မှာ ပန်းပိတောက်၊ ကံ့ကော်ပန်းရနံ့တွေနဲ့ သင်းပျံ့မွှေးကြိုင်လာမှာဖြစ်ပါတယ်။

**ဇာစ်မြစ် (၃) မော်တော်ယာဉ်ကြီးငယ်တွေကြောင့်...**

၂၀၁၆ ခုနှစ် အောက်တိုဘာလ စာရင်းဇယားအရ ကမ္ဘာတစ်ဝန်း လမ်းပေါ်မှာပြေးနေတဲ့ မော်တော်ကားစီးရေဟာ သန်းပေါင်း ၁၂၀၀ အထိ ကြောက်ခမန်းလိလိ များပြားခဲ့ပါတယ်။ အဓိပ္ပာယ်က လူခြောက်ဦးဟာ ကားတစ်စီးပိုင်တဲ့သဘောပါ။ အမေရိကန်နိုင်ငံရဲ့ လူဦးရေဟာ သန်း ၃၀၀၊ ကားစီးရေက သန်း ၂၄၀ ဆိုပြန်တော့ အမေရိကန် ငါးဦးဟာ ကားလေးစီး ပိုင်ပါတယ်။

တရုတ်နိုင်ငံက လက်ရှိမှာ ကားစီးရေသန်း ၁၈၀၊ နောင်မှာ သန်း ၅၀၀ ထိရောက်ဖို့ မျှော်မှန်းနေပါတယ်။ ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ဟာ လူနှစ်ဦး ကားတစ်စီးနီးပါး ပိုင်ကြပါတယ်။ ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်ဂါလန်သုံးတိုင်း လေထုထဲကို ကာဗွန်ဓာတ်ငွေ့ ၉ – ၁၀ ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ကားငယ် တစ်စီးဟာ ၇ ဒသမ ၃ လီတာ ဖြည့်ထားရင် ကီလိုမီတာ ၁၀၀ အထိ မောင်းနိုင်ပါတယ်။ ဒီကားဟာ ခြောက်ကီလိုမီတာ သို့မဟုတ် ၃ ဒသမ ၇၅ မိုင် မောင်းနှင်လိုက်တာနဲ့ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် မှုတ်ထုတ်လိုက်ပါတယ်။ အများသုံး ဘတ်စ်ကားတစ်စီးဟာ ဥပမာ YBS ဆိုပါတော့ ၁၀ – ၁၂ ကီလိုမီတာ မောင်းလိုက်တာနဲ့ ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ဒီဘတ်စ်ကားဟာ ခရီးသည် ၄၀ ကိုသယ်ယူပို့ဆောင်တာမို့ တွက်ခြေကိုက်ပါတယ်။

ရာသီဥတုမုန်တိုင်းကြီးငယ် ဖောက်ပြန်တာတွေဖြစ်ပေါ်လာနိုင်တယ်ဆိုတာ သိထားဖို့ အထူးသဖြင့် ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်ရတဲ့




နိုင်ငံတွေ၊ မော်တော်ယာဉ်ကြီးငယ်တွေ အလွန်အကျွံသုံးတဲ့နိုင်ငံတွေမှာ လောင်စာဆီသုံးကြရင် ကာဗွန်ဒိုင်အောက်ဆိုက်ထွက်တာ၊ ထုတ်လွှတ်တဲ့ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်တဲ့ သစ်တောသစ်ပင်တွေကို စိုက်ကြရမယ်ဆိုတာသိဖို့ အသေးစိတ်ရေးရခြင်းဖြစ်ပါတယ်။ အနိမ့်ဆုံးအဆင့်မှာပင် ကိုယ့်ခြံဝင်းအတွင်း ၁၈ ပေ – ၃ ပေ အကျယ်မှာ ပန်းပင်အလှတွေစိုက်ရင်ပဲ ကိုယ့်အိမ်ကထွက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို သန့်စင်နိုင်ပြီလို့ ပြောနိုင်ပါတယ်။

**လူနေမှုဘဝပုံစံနဲ့ အနာဂတ်ကမ္ဘာ**

လူတို့ဟာ အပြောကျယ်လှတဲ့ ရုက္ခသတ္တ လောကကြီးထဲမှာ သီးခြားစီမဟုတ်၊ နက်ရှိုင်းပြီး ကွန်ရက်သဖွယ် ယှက်နွယ်နေမှုကို လူ့ပတ်ဝန်းကျင်လို့ခေါ်တာပဲဖြစ်ပါတယ်။ ကောင်းတာမှန်သမျှ စားချင်၊ ဝတ်ချင်၊ လှချင်သူတွေ ကြီးထွားလာပါတယ်။ မြန်မြန်သွားချင်သူတွေ၊ အမြင့်မှာနေချင်သူတွေ၊ မြို့ပြမှာနေချင်သူတွေ များသထက်များလာပါတယ်။ လေကောင်းလေသန့်၊ ရေကောင်းရေသန့်ရှိတဲ့ တောအရပ်ကိုပစ်ပယ်ပြီး ငွေရလွယ်ပေမယ့် နံစော်နေတဲ့မြို့ကို ပြောင်းလာကြပါတယ်။ လူနေမှုဘဝပုံစံဟာ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ ဆက်စပ်နေတယ်လို့ ပြောတာဖြစ်ပါတယ်။

ညနေပိုင်း အပန်းဖြေစားသောက်ဆိုင်မှာ




ဘီယာတစ်ကြိုက်၊ အသားကင်တစ်ကိုက်စားသောက်လေပန်းတဲ့ ဘဝပုံစံတစ်ခုကလည်း ကာဗွန်ဒိုင်အောက်ဆိုက် ၃၀၀ ဂရမ်၊ ပုလင်းဘီယာဆိုရင် ၅၀၀ ဂရမ်၊ နိုင်ငံခြားက တင်သွင်းတဲ့ဘီယာဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက် ၉၀၀ ဂရမ်အထိထွက်ပါတယ်။ ဒါကြောင့် ပြည်တွင်းဘီယာဝယ်သောက်ကြ၊ ကိုယ့်အနီးအနားဒေသတွင်းက စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်သမျှ ရောင်းကြဝယ်ကြရင် သယ်ယူစရိတ် ကျဆင်း၊ လောင်စာဆီသုံးရတာနည်းလာတော့ ကာဗွန်ဒိုင်အောက်ဆိုက်အထွက်လည်းနည်းလို့ ရာသီဥတုပူနွေးမှုကို လျှော့ချရာရောက်တယ်ဆိုတဲ့အဓိပ္ပာယ်ပါပဲ။ ဘီယာတစ်ကြိုက်သောက်ကြသူတွေလည်း တစ်နှစ် သစ်ပင်နှစ်ပင် စိုက်ရပါမယ်။

**သိပ္ပံနည်းကျ တိုင်းတာချက်များအရ –**

- လက်ကိုင်ဖုန်းနဲ့ တစ်နေ့ နှစ်မိနစ်ခန့် ပုံမှန်ဆက်သွယ်ပြောဆိုသုံးခဲ့ရင် တစ်နှစ်ကြာတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏဟာ ၄၇ ကီလိုဂရမ် ထုတ်လွှတ်တာနဲ့ညီမျှပါတယ်။
- ၁၀၀ ဝပ် မီးသီးကိုသုံးပြီး တစ်နှစ်တာ မီးမပိတ်မိခဲ့ရင် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ ၅၀၀ ကီလိုဂရမ် ထုတ်လွှတ်ပါလိမ့်မယ်။ မြန်မာအခေါ် အီကြာကွေးမီးလုံးသုံးခဲ့လို့ မီးမပိတ်မိခဲ့ရင်တောင် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ ၉၀ ကီလိုဂရမ် ထွက်ပါလိမ့်မယ်။ ဒါကြောင့် လျှပ်စစ်မီးသုံးစွဲသူမှန်သမျှဟာ (ကာဗွန်ခြေရာ carbon footprint) ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ ကင်းလွတ်နိုင်စရာမရှိဘူးလို့ပြောတာဖြစ်ပါတယ်။

ဘယ်နိုင်ငံမဆို အရာရှိကြီး၊ လုပ်ငန်းရှင်ကြီး တစ်ဦးဟာ တစ်နေ့ ဆီနှစ်ဂါလန်၊ တစ်လ ဆီဂါလန် ၆၀ သုံးရင် အနည်းဆုံး ၇၅၀ ခရီးမိုင်ပေါက်ပါတယ်။ ကာဗွန်ဓာတ်ငွေ့တစ်တန်လည်း လေထုထဲရောက်လာပါတယ်။ တစ်နှစ်ကုန်ရင် ဒီကားပိုင်ရှင်ဟာ ခရီးမိုင် ၉၀၀၀ ပေါက်ပါတယ်။ လိုအပ်လို့ ဒီလောက် ဓာတ်ဆီလောင်စာကို သုံးရတာဖြစ်ပေမယ့် ကာဗွန်ဓာတ်ငွေ့တန်ချိန် ၁၂ တန် လေထုထဲထုတ်လွှတ်မိလျက်သားဖြစ်သွားပါတယ်။ သိပ္ပံနည်းကျတွက်ချက်မှုအရ ၁၂ တန်သော ကာဗွန်ဓာတ်ငွေ့ကို သစ်ပင်ကသာ စုပ်ယူနိုင်တာကြောင့် ဒီလုပ်ငန်းပိုင်ရှင် အရာရှိကြီးဟာ တစ်နှစ် သစ်ပင် ၂၅ ပင် စိုက်ရပါမယ်။ EV ကားကို အသုံးပြုရင်လည်း တစ်နှစ်မှာ သစ်ပင်နှစ်ပင်စိုက်ရပါမယ်။

**ကောင်းပါပြီ..**

ကမ္ဘာကြီးကို ပူနွေးစေတဲ့ အဓိကဓာတ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ကိုယ့်ကြောင့် ပိုမထွက်စေဖို့လိုအပ်ပါတယ်။ ကိုယ်တစ်ယောက်တည်းအနေနဲ့ ဘယ်လိုလျှော့ချနိုင်မလဲဆိုတာကိုလည်း စဉ်းစားနိုင်မှဖြစ်ပါမယ်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူထုကိုအခြေခံရမယ်။ လူထုအတွင်းမှာရှိတဲ့ ထုတ်လုပ်၊ ရောင်းချ၊ သုံးစွဲသူတိုင်းမှာ တာဝန်ကိုယ်စီရှိကြရာ "တစ်ယောက် တစ်နှစ် သစ်ပင်နှစ်ပင်" စိုက်ကြရင် ရွှေတိုက်ကို စိုးနိုင်မှာဖြစ်ပါတယ်။ ရေရှည်ဖွံ့ဖြိုးသာယာဖို့ အထိရောက်ဆုံး လှုပ်ရှားမှုကြီးဟာ သစ်ပင်စိုက်ပျိုးခြင်းဖြစ်ပါတယ်လို့ ရေးသားလိုက်ရပါတယ်။ ။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်)(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ရှစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော် အစိုးရအနေဖြင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက် လာကြသူများအား လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP(မွန်)(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့တို့မှ အဖွဲ့ဝင်အမျိုးသား ရှစ်ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများကို အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် ကာဘိုင်သေနတ် တစ်လက်၊ AK-47 သေနတ် တစ်လက်၊ M4A1 သေနတ် တစ်လက်၊ SUR-M9 A-2 YSRA 1 YSO1-2419684 9mm အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အတောင့် ၁၅၀၊ ကျည်အိမ် ခြောက်ခု၊ စကားပြောစက် တစ်လုံး(အားသွင်းကြိုးပါ)၊ လက်ထိပ် တစ်စုံတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန် ရိုင်ဖယ်သေနတ် သုံးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၅၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေးငွေကျပ်နှစ်သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၂၄ သိန်း စုစုပေါင်းဆုကြေးငွေကျပ် ၁၉၆ သိန်းနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ် လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ တစ်ဦး၊ ဘားအံမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ရေးမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်မှ တစ်ဦး စုစုပေါင်း ရှစ်ဦး ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်းသိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောက်တန်းမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ကျောက်တန်း ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မင်္ဂလွန်းကျေးရွာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရန်စိုးအောင်က မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ သစ်တောဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## ပေါင်းတည်မြို့နယ်၌ ရေဆင်းပေါ်ဆန်းမျိုးသန့် မျိုးကွဲနုတ်ပယ်ခြင်း ဆောင်ရွက်

**ပေါင်းတည် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာ၊ သပြေကြီးစုကျေးရွာနှင့် အုပ်ဖို(၁)ရပ်ကွက်တို့ရှိ စပါးစိုက်ပျိုးမြေများတွင် ယခုနွေစပါးရာသီ၌ စိုက်ပျိုးထားသည့် ရေဆင်းပေါ်ဆန်း(၁) နှင့် ရေဆင်းပေါ်ဆန်း(၂) မျိုးသန့်မျိုးပွား စံပြစိုက်ခင်းများအတွင်း မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကြပ်ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။

### ရွေးချယ်စိုက်ပျိုးလျက်ရှိ

ဒေသခံတောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်စပါးမျိုး စိုက်ပျိုးထုတ်လုပ်ရေးနှင့် တန်ဖိုးမြင့်လယ်ယာထုတ်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးသန့်ခြံနှင့်ပူးပေါင်း၍ ဒေသမျိုးရင်းများအပြင် ဈေးကွက်ဝင်စပါးမျိုးကို စိတ်ကြိုက်မျိုးရွေးချယ်၍ စိုက်ပျိုးလျက်ရှိကြောင်းသိရပြီး ယခုနွေစပါးရာသီ၌ တောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များရယူကာ အဆိုပါ ရေဆင်းပေါ်ဆန်းစပါးကို မျိုးသန့်ထုတ်လုပ်ဖြန့်ချိရေးအတွက် ၁၀ ဧက စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေသား**



## မိသားစုဝင်ငွေတိုးစီမံကိန်းလုပ်ငန်းမှ စက်ချုပ်နည်းပညာ(အခြေခံ)သင်တန်းများဖွင့်

**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းမှ စက်ချုပ်နည်းပညာ(အခြေခံ)သင်တန်းနှစ်ခု ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

### ကုန်ကြမ်းပစ္စည်းများပေးအပ်

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းက အမှာစကားပြောကြားပြီး မုံရွာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးအဆင့် စီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက စက်ချုပ်နည်းပညာ(အခြေခံ)သင်တန်းနှစ်ခုမှ သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်ပြီး ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မုံရွာ(ကိုယ်ပွား)**

## ကော့မှူးမြို့နယ် အဖျောက်ကျေးရွာ၌ ဝါးအခြေခံလက်မှုသင်တန်း ဖွင့်လှစ်

**ကော့မှူး ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအစီအစဉ်ဖြင့် ဖွင့်လှစ်သော ဝါးအခြေခံလက်မှုထည်သင်တန်းကို ယမန်နေ့နံနက်ပိုင်းက ရတနာမဏ္ဍိုင် ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အဖွင့်အမှာစကားပြောကြားပြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက ဝါးအခြေခံလက်မှုထည် သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်းက ပေးအပ်ပြီး သင်တန်းကို ဇွန် ၂ ရက်မှ ဇွန် ၃၀ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ပြန်/ဆက်)**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖြိုချဖျက်ဆီးမှု။

**နေပြည်တော် ဇွန် ၃**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံသုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ အလုံး ၃၀ အား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်



**မြဝတီ ဇွန် ၃**

ကရင်ပြည်နယ် မြဝတီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး၏ကြီးကြပ်မှုဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားကိုယ်ရေးအချက်အလက် UID (Unique Identity) ကတ်များ ထုတ်ပေး နိုင်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ခြင်း လုပ်ငန်းကို ယနေ့နံနက် ၁၀ နာရီက မြဝတီမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်း၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက လိုက်လံကြည့်ရှုပြီး ပေါင်းစပ်ကူညီ ဆောင်ရွက်ခဲ့ကြသည်။

**ကွင်းဆင်းဆောင်ရွက်**

မြဝတီမြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများမှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဇွန် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



# အောင်လံမြို့နယ်၌ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ နည်းပညာပေးသင်တန်းဖွင့်

**အောင်လံ ဇွန် ၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၁ နာရီက သံရွာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အမှာစကားပြောကြားပြီး ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေဩဇာကို စနစ်တကျ ပြုလုပ်သုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေမည့်အပြင် မြေဆီလွှာ အာဟာရဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးထွန်းလှအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သဘာဝမြေဩဇာ စနစ်တကျ ပြုလုပ်သုံးစွဲနည်း နည်းပညာရပ်များကို ဒေသခံတောင်သူများအား လက်တွေ့အသုံးချနိုင်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်



**ကြို့ပင်ကောက် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခြင်းနှင့် Biometric Data ကောက်ယူခြင်းများကို ဇွန် ၂ ရက်က ဆောင်ရွက်ပေးသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



# ဝိုင်းမော်မြို့၌ စိုက်ပျိုးရေးနည်းပညာအသိပညာပေး ဟောပြော

**ဝိုင်းမော် ဇွန် ၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့တွင် ဒေသခံတောင်သူများအား စိုက်ပျိုးရေးနည်းပညာ အသိပညာပေးဟောပြောပွဲနှင့် သွင်းအားစု (အခမဲ့)ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက မိုင်းနားကျေးရွာ ရပ်ကွက် (၃) ရွှေနဒီခန်းမ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြစ်ကြီးနားခရိုင်ဦးစီးမှူး ဦးမင်းဆွေက အမှာစကားပြောကြားပြီး ကချင်ပြည်နယ်အတွင်း အခြေခံပညာနှင့် စက်မှုစိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်မည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ ခရိုင်တာဝန်ခံအရာထမ်းများက ဓာတ်မြေဩဇာလျှော့ချသုံးစွဲခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေသည့် နည်းပညာများအသိပေးခြင်းကို ဆောင်ရွက်သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးမင်းဆွေက တက်ရောက်လာသည့် တောင်သူများနှင့် သင်တန်းကျောင်းတွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးသန်းနိုင်ဦးက တက်ရောက်လာသည့် တောင်သူများအား ဓာတုဆေးလျှော့ချပြီး သဘာဝဖျန်းမြေဩဇာဖြင့် ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံစိုက်ပျိုးထုတ်လုပ်ရန် သွင်းအားစုများအား (အခမဲ့)ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖြူစင်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့၌ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်း (စစ်တွေ) ၌ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်း (စစ်တွေ)မှ ဖွင့်လှစ်သည့် သင်တန်းများတွင် တက်ရောက်ပြီး ယာယီနေရပ်စွန့်ခွာစုရပ်များတွင် နေထိုင်ကြသူများက စုရပ်များ၌ မိသားစု တစ်ပိုင်တစ်နိုင် ဝင်ငွေရရှိရေးအတွက် ရက်ကန်းရက်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဆေးသိုလှောင်ရုံတွင် ဆေးများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံး ဆောက်လုပ်မည့် လျာထားမြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## မုံရွာမြို့၌ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်း

**မုံရွာ ဇွန် ၃**

ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင်ပါဝင်သည့် ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်း တက်ရောက်၍ ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာခြင်းဖြင့် ပြည်သူများ၏ ပိုမိုယုံကြည်အားကိုးမှုရရှိစေရေးကို ဖော်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအရာရှိများအား သက်ဆိုင်ရာ ကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့များက မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မိုးစပါးထွန်ယက်စိုက်ပျိုးမည့် တောင်သူများ လက်ဝယ်အရောက် စက်သုံးဆီဖြန့်ဖြူးရောင်းချ

**ဘားအံ ဇွန် ၃**

ဘားအံမြို့နယ်အတွင်းရှိ မိုးစပါးထွန်ယက်စိုက်ပျိုးကြမည့် တောင်သူလယ်သမားများ မိုးစပါးထွန်ယက်နိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စိုက်ပျိုးတောင်သူများ လက်ဝယ်အရောက် စက်သုံးဆီများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၈) ရပ်ကွက်ရှိ ချောစုဆီဆိုင်၌ စက်သုံးဆီများကို ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ထိုသို့ ဖြန့်ဖြူးရောင်းချပေးရာတွင် တောင်သူတစ်ဦးလျှင် စက်သုံးဆီ ငါးဂါလန်နှုန်းဖြင့် ကျေးရွာပေါင်း ၂၀ မှ တောင်သူ ၄၀၀ ၏ စိုက်ဧက ၁၀၀၀ အတွက် စက်သုံးဆီ ဂါလန် ၂၀၀၀ကို ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ယနေ့အထိ စက်သုံးဆီ ဒီဇယ်၊ ဓာတ်ဆီဂါလန် စုစုပေါင်း ၈၆၀၀ ကျော်ကိုတောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





## တောင်ကြီးမြို့ ဟဲကယ်ကျေးရွာ၌ မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားများအား သွင်းအားစုများ ပေးအပ်

**တောင်ကြီး ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ မိုးစပါးစိုက်ပျိုးလျက်ရှိသည့် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုပေးအပ်ပွဲကို ဟဲကယ်ကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများ၊ တောင်ကြီးမြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်ကြီးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မိုးစပါးစိုက်ပျိုးလျက်ရှိသည့် သမဝါယမအသင်း ငါးသင်းမှ မိုးစပါးစိုက်ဧက ၁၆၄၀ အတွက် ငွေကျပ် သိန်း ၄၁၀၀ နှင့်ညီမျှသော သွင်းအားစုများအား သမဝါယမအသင်းသား တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေး

**မင်းဘူး ဇွန် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မင်းဘူးခရိုင် ဘဏ်ခွဲရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် ဘဏ်ခွဲမန်နေဂျာ ဒေါ်နွယ်နွယ်စိုးက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးနေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက စကုမြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံတောင်သူများထံ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## တောင်တွင်းကြီးမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**တောင်တွင်းကြီး ဇွန် ၃**

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီး မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စုများအလိုက် မေ ၁၂ ရက်မှစတင်၍ မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို စက်တင်ဘာလကုန်အထိ ထုတ်ချေး ပေးသွားမည်ဖြစ်ပြီး နောက်ဆုံး သတ်မှတ်ရက်တွင် အရင်းနှင့်တကွ ကျသင့်သည့် အတိုးကို ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။

တောင်တွင်းကြီး မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ စုမှ တောင်သူ ၇၆၇ ဦးအား ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**



## ပင်လောင်းမြို့နယ်၌ ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံ

**ပင်လောင်း ဇွန် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများကို ဇွန် ၂ ရက်တွင် ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းအေးလှိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများက လွယ်မော်ကျေးအုပ်စု ပေါ့ကဲကျေးရွာရှိ ကျွဲ၊ နွား ၁၀၀အား လည်ချောင်းကွဲ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဟိုပုံးမြို့ လူထုအခြေပြုဗဟိုဌာနၣ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲတက်ရောက်

ဟိုပုံး ဇွန် ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ စက်ချုပ် နည်းပညာသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပအိုဝ်းကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာ စကားပြောကြားပြီး ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ် သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းသူများအား သင်တန်း သုံး သင်ထောက်ကူ ပစ္စည်းများ ပေးအပ်၍ သင်ထောက်ကူ ပစ္စည်းများကို လှည့်လည် ကြည့်ရှုသည်။ သင်တန်းကို ဇွန် ၃ ရက်မှ ၂၇ရက်အထိ စာတွေ့/ လက်တွေ့ ဖွင့်လှစ်သင်ကြားပေး သွားမည်ဖြစ်ကြောင်း သိရ သည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



## ကျောက်မဲမြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

ကျောက်မဲ ဇွန် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲမြို့နယ်ဦးစီးမှူးရုံး၌ လမင်းစီမံချက်ဖြင့် ဇွန် ၁ ရက် နံနက်ပိုင်းက မြို့ပေါ်အမှတ်(၆) ရပ်ကွက်မှ ပြည်သူများအား မြို့နယ်ဦးစီးအရာရှိ ဦးမင်းသူနှင့် ဝန်ထမ်း များက နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် Biometric UID ဇီဝအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်က သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယနေ့အထိ ကျောက်မဲမြို့နယ်အတွင်း အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၃၀ ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူထုတ်ပေးခြင်း ၂၃၂ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလဲလှယ်ခြင်း ၃၁၇ ဦး၊ အသက်(၁၈)နှစ်ပြည့် ကတ်ပြား ၉၆ ဦးနှင့် Biometric UID ဇီဝအချက်အလက် ဆောင်ရွက်သူ ၁၆၇၁ ဦးတို့အား နိုင်ငံသားအခွင့် အရေးနှင့် သက်သေခံအထောက်အထားများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မွန်ပြည်နယ်၌ အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ဟောပြောပွဲ ကျင်းပ

မော်လမြိုင် ဇွန် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အခွန်ဆိုင်ရာကိစ္စရပ်များ အသိ ပညာပေးရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ Sunshine Hotel၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး နိုင်လယိတမက လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၌ လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များကို သိရှိနားလည်ထားမှသာ မိမိတို့ကုမ္ပဏီ၏ အခွန်ဆိုင်ရာတာဝန်နှင့် အခွင့်အရေးများကို သိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီက ပြည်တွင်း အခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး ကုမ္ပဏီတည်ထောင်



ပြီး လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါ အခွန်ပညာပေးရှင်းလင်းပွဲသို့ မွန်ပြည်နယ် အခွန် ကောက်ခံမှုအထောက်အကူအပြုအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## ရေကြည်မြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ရေကြည် ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက် မည့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများအား တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ပုသိမ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အေးမြတ်မွန်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးလက် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ များကိုစစ်ဆေးခဲ့ပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလ အတွင်းပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## မင်းတုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မင်းတုန်း ဇွန် ၃

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ အမှတ်(၂)ရပ်ကွက်တွင် ယနေ့နံနက် ၉ နာရီက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြ သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အသက်(၁၀)နှစ်အထက် ကျောင်းသား ကျောင်းသူ ၂၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပြားများ ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ချင်းကလေး(NRDC)**





**နွားထိုးကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးခြင်းကို အမှတ်(၅) အမကတွင် ဇွန် ၁ ရက်က ကွင်းဆင်း ဆောင်ရွက်ရာ နွားထိုးကြီးမြို့နယ် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သိန်းဇော်က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်များ ပေးအပ်စဉ်။** တင့်လွင်ဦး

❖ AYA မှ

မြန်မာအသင်းတိုက်စစ်တွင် ဝါရင့်တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမပါ နိုင်သဖြင့် မေထက်လူကို အထောင်တိုက်စစ်မှူးအဖြစ် ထားကာ မျိုးမြမြငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ ဖြူဖွေး၊ ဇွန်ယုယဦး၊ လင်းလဲ့ဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ခင်မာလာထွန်း၊ ရူပါခိုင်၊ စန်းသော်သော် တို့ဖြင့် ပွဲထွက်လာသည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း ဥဇဘက်ကစ္စတန်အသင်းက ခန္ဓာကိုယ် ထွားကျိုင်းသည့်အပြင် လျင်မြန် မှုပိုသာသဖြင့် မြန်မာအသင်းအနေဖြင့် ရုန်းကန်ခဲ့ရသည်။ ထို့ပြင် ဝင်းသိင်္ဂီထွန်းမပါသည့်တိုက်စစ်မှာ မေထက်လူနှင့် အလုပ်မဖြစ်သလို အသင်းခေါင်းဆောင် ခင်မာလာထွန်းအပါအဝင် နော်ထက်ထက်ဝေ၊ ဖြူဖြူဝင်း၊ စန်းသော်သော် စသည့်အမာခံကစားသမားများပါ အမှားများ ခဲ့သည်။ ၂၂ မိနစ်ကတည်းက ဥဇဘက်ကစ္စတန်အသင်း အနိုင်ဂိုးရခဲ့ပြီး ကူဒရာတိုဗာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် စုစုကြည် အပိုင်အခွင့်အရေးရသော်လည်း အသုံးမချနိုင်သဖြင့် မြန်မာအသင်း ချေပဂိုးနှင့် ဝေးခဲ့ရသလို နောက်ပိုင်းတွင် ချေပဂိုးရနိုင်သည့် အခွင့် အရေးများ လွဲချော်ခဲ့သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲကို ဇွန် ၆ ရက် ညနေ ၅ နာရီတွင် ဆက်လက်ကျင်းပ မည်ဖြစ်ပြီး ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-စိုးညွန့်သော်**

❂ **အောင်ပွဲရရှေ့တန်းပြန်မှ**

တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာတွင် အသက် ကို ပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သား များအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက် များဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အမှတ်(၉)မူလတန်းလွန်ကျောင်း Grade(4)မှ မဇူးဇူးသံစဉ်နှင့် Grade(6)မှ မောင်နိုင်စိုးဝင်းတို့၏ ဖခင်အမည်မှန်မှာ မင်းသန်းနိုင်ဦး [၁၀/ခဆန (နိုင်) ၁၅၅၆၈၄] ဖြစ်ပါကြောင်း။

**မင်းသန်းနိုင်ဦး**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အမှတ်(၉)မူလတန်းလွန်ကျောင်း Grade (4)မှ မောင်ကောင်းခန့်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ငွေပြ[၆/ရဖန(နိုင်)၀၆၅၈၁၈] ဖြစ်ပါကြောင်း။

**ဒေါ်ငွေပြ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ အ.လ.က(စံပြ) မော့ကနင်ကျောင်းမှ Grade(6) ကျောင်းသား စောလင်းသူရိန်၊ ကျောင်းဝင်အမှတ်(၀၀၅၀)၏ ဖခင်အမည်မှန်မှာ ဦးမောင်ညို [၁၀/လမန(နိုင်)၀၈၇၇၈၈]ဖြစ်ပါကြောင်း။

**ဦးမောင်ညို**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ အ.လ.က(စံပြ) မော့ကနင်ကျောင်းမှ Grade(2) ကျောင်းသူ နော်ဟေမာန်မြင့် ကျောင်းဝင်အမှတ်(၀၂၁၃)၏ ဖခင်အမည်မှန်မှာ စောချစ်ကို [၁၀/လမန(နိုင်)၀၀၅၆၆၅]ဖြစ်ပါကြောင်း။

**စောချစ်ကို**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၆၇)၊ ဦးပိုင်အမှတ်(၄၉)၊ ၅၀x၅၁ကြား၊ ၁၃၉x၁၄၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရဲထွေးအောင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၇၁၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲညီဝင်း [၈/ပဖန(နိုင်)၀၇၃၄၀၂]က အမှုတွဲအမှတ် (၀၃၁၉/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၈)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၇x၆၈ကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးကိုကိုအောင် [၉/မရမ(နိုင်)၀၀၁၀၂၀]၊ ဒေါ်မေဦးခိုင် [၉/မဟမ(နိုင်)၀၄၀၆၅၉]တို့က အမှုတွဲအမှတ်(၀၃၂၀/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၁)၊ ဦးပိုင်အမှတ်(၃၈)ခဲစင်း၊ ၄၈x၄၉ကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်သန်း၏ (SP ရရှိသူ ဦးတင်အောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၀၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းသန်း [၉/မရတ(နိုင်)၀၀၆၂၂၀]က အမှုတွဲအမှတ် (၀၃၂၅/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၂)၊ ဦးပိုင်အမှတ်(၄-ဃ/၄-င)၊ ၃၄x၃၅ ကြား၊ ၆၈x၆၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းဟန် [၉/မရမ(နိုင်)၀၄၆၄၅၅]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၃၀/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခေါင်နော [၁/မကန(နိုင်)၀၁၀၃၉၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၃)၊ ဦးပိုင်အမှတ်(၂)၊ ၆၆x၆၇ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချမ်းအေး၏ (SP ရရှိသူ ဦးဝင်းအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၇၄၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းမောင်မောင် [၅/ဟမလ(နိုင်) ၀၄၀၇၇၄]က အမှုတွဲအမှတ် (၀၃၁၈/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၄၅-ဏ/၂ ခဲစင်းမြောက်ဘက် အစွန်ဆုံးခြမ်း)၊ ဆင်လမ်းမကြီးနှင့် စက်မှုလက်မှုသင်တန်းကျောင်းကြား၊ ၆၀ လမ်းနှင့်မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြင်အေး [၉/မနမ(နိုင်)၁၂၃၆၂၉]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၇)၊ ဦးပိုင်အမှတ်(၂၀-ခ)၊ ၆၈x၆၉ ကြား၊ ၃၃x၃၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဒွေယူး [၁၃/နခန(နိုင်) ၀၃၈၃၆၂]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၆၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှရွှေ [၁၃/တကန(နိုင်)၁၂၆၀၄၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၄၁၅-န/၃)၊ ဦးပိုင်အမှတ်(၈)၊ ၁၄x၁၅ ကြား၊ ၈၈x၈၉ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဆောင်းမမ [၉/အမဇ(နိုင်) ၀၁၁၀၁၄]၊ ဒေါ်နွေမမ [၉/အမဇ(နိုင်)၀၁၇၃၂၅]၊ ဦးမိုးကိုကို [၉/အမဇ(နိုင်) ၀၃၂၁၁၃]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၀၃၁/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန်းငွေ [၁၃/မကန(နိုင်)၀၂၈၇၉]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ်(၅၈၀-က)၊ ဦးပိုင်အမှတ်(၄/၂)၊ ထုံးဘို-မြစ်ငယ်လမ်း၊ မန်းကျည်းချိုတောရဘုန်းကြီးကျောင်းအရှေ့ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော ဒေါ်နီနီအောင် [၁/မကန(နိုင်) ၀၁၈၁၆၈]၊ ဒေါ်အေးအေးမွန် [၉/မမန(နိုင်)၀၈၀၉၈၆]တို့က အမှုတွဲအမှတ်(၀၃၀၆/၂၀၂၆-၂၀၂၇)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၅၃)၊ ၇၇x၇၈ကြား၊ ၁၀x၁၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်နှင်းမြတ်ထွန်း [၅/တမန (နိုင်) ၀၃၅၁၁၂]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၈၀-ဍ)၊ ၁၉x၂၂ ကြား၊ ၆၀x၆၂ လမ်းကြားရှိ ဦးဘိုချို အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၇၉၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်စုစုမေ (PAK-၀၀၀၇၁၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၉၇၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲထက် [၉/မနမ(နိုင်)၁၁၄၅၄၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၂၁)၊ ဦးပိုင်အမှတ်(၂-ဇ ခဲစင်းတောင်ခြမ်း)၊ ၈x၁၁ ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်မောင်[၉/မနမ (နိုင်)၀၇၂၆၅၄]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့-ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ် (၃၇)၊ [၄-လွှာ(အေ)/ တတိယထပ် / ခေါင်းရင်းဘက်ခြမ်း] (၁၅ပေ x ၆၀ပေ)ရှိ ဦးစိုးမိုးအောင်နှင့် ဒေါ်ဥမ္မာသန်းတို့ပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည်. အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးစိုးမိုးအောင် [၁၂/ကမတ(နိုင်) ၀၆၁၁၈၂]နှင့် ဒေါ်ဥမ္မာသန်း [၁၄/ဒဒရ(နိုင်) ၀၀၅၇၄၀]တို့ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ တိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ဌေး (LL.B, D.B.L, D.I.L)** | **ဒေါ်ခိုင်ဦးသူ (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၅၉)** | **အထက်တန်းရှေ့နေ (စဉ်- ၃၇၉၅၄)** |

**အမှတ်- ၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၅၈၈၀**

## "ဖခင်အမည် တစ်ဦးတည်းဖြစ်ကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၇)လမ်း၊ အမှတ်(၃၆)၊ ၃လွှာ(A)နေ ဦးရန်နိုင်စိုး[၁၂/မဂတ(နိုင်)၁၀၁၈၈၄]၏ ဖခင်အမည် ဦးစိုးနိုင်နှင့် ဦးစိုးနိုင်(ခ)ခါလစ်မှာ တစ်ဦးတည်း ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးရန်နိုင်စိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၄)၊ ဦးပိုင်အမှတ်(၇၈)၊ ၆၁x၆၂ကြား၊ ၁၂၅x၁၂၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြည်ဝေ [၁/မညန(နိုင်)၀၈၆၆၄၉]က အမှုတွဲအမှတ်(၀၃၁၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မာကျူရီကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မောင်ဖြိုးလင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းကျော်ဦး [၁၂/ကခက (နိုင်) ၀၆၂၅၁၉]ဖြစ်ပါကြောင်း။

**ဦးဆန်းကျော်ဦး**

## "သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း"

**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ဦးအေးချမ်းအောင်နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ နဝဒေးလမ်း၊ (၁၀)ရပ်ကွက်၊ လပွတ္တာမြို့နယ်တွင်နေထိုင်သူ ဒေါ်ခင်မြတ်နိုးဦး (ဘ) ဦးဆန်းလွင်၊ မှတ်ပုံတင်အမှတ် [၁၄/ပစလ(နိုင်)၀၁၃၅၇၆]သည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာတွင်နေထိုင်သူ ဦးအေးချမ်းအောင် (ဘ) ဦးစန်းရွှေ မှတ်ပုံတင်အမှတ် [၇/ဝမန(နိုင်) ၁၇၈၃၂၆ ]နှင့် ၂၀၁၈ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့ပြီးနောက် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသည့်အတွက် ဆက်လက်ပေါင်းသင်းနေထိုင်ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေသည် စင်ကာပူနိုင်ငံတွင် (၇)နှစ်ခန့်နေထိုင်သဖြင့် လင်မယားအဖြစ် ပေါင်းသင်းခြင်းမရှိတော့ပါ။ ဦးအေးချမ်းအောင်နှင့် ကွာရှင်းရန် သဘောတူညီထားပြီးဖြစ်သည့်အတွက် ဦးအေးချမ်းအောင်၏ ပြုလုပ်မှုကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ထို့ပြင် ဒေါ်ခင်မြတ်နိုးဦး၏ ဂုဏ်သိက္ခာကျဆင်းစေရန်ပြုလုပ်ခြင်းများ၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အသရေပျက်စေရန်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကြည်ဝင်း (လပွတ္တာ) B.A(Law),(LL.B)** | **ဒေါ်ရွှေရည်လင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၀၆) (၈-၄-၁၉၇၆)** | **(စဉ်- ၅၂၇၆၈)** |
| **၁၀/၁၂၊ ၃၅-လမ်းတို၊ ပ-ထပ်၊** | **၁၀/၁၂၊ ၃၅-လမ်းတို၊ ပ-ထပ်၊** |
| **ကျောက်တံတားမြို့နယ်၊** | **ကျောက်တံတားမြို့နယ်** |
| **ရန်ကုန်မြို့။** | **ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၇၇၅၂၃၂၉၅၅** | **ဖုန်း- ၀၉-၄၅၀၀၃၈၀၀၄** |

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

**Lot – 1**

စစ်ကိုင်းခရိုင်ရုံးအဆောက်အဦ (၆၀ပေ x ၄၀ပေ) (၂)ထပ် RC (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း (ရေ၊ မီး၊ ပေါ်တီကို ၁၂ပေ ပါပြီး)

**လုပ်ငန်းတည်နေရာ – ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့။**

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၂၇ – ၅ – ၂၀၂၆ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - ၉ – ၆ – ၂၀၂၆ (၁၆:၀၀ နာရီ) |
| တင်ဒါတင်သွင်းရန်လိပ်စာ | - စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့။ ဖုန်း – ၀၉-၇၉၂၁၈၇၅၁၈၊ ၀၉-၂၅၀၀၈၀၂၇၆၊ ၀၉-၄၂၅၃၀၂၆၀၃ |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅-လမ်း၊ အမှတ် (၈၈)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ၊ အနော်ရထာဘက်ခြမ်း (ခြေရင်းခြမ်း) တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ခိုင် ( WKA-၁၈၉၇၉၄)[၁၂/ဒဂန(နိုင်) ၀၂၆၈၀၀၇]မှ (၃-၁၂-၂၀၀၁)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့သော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ဦးမြင့်ခိုင်၏ သဘောတူညီမှုမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်းတို့အပါအဝင် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၉၁)**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၂**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ (၁၄)လမ်း၊ အမှတ် (၉၉၇) နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ် (ထပ်ခိုးပါ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၉ပေx အနံ ၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်ပွင့်ခိုင် [၇/ညလပ(နိုင်) ၁၀၁၃၇၁]က စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပါသည်။ ၎င်း၏ကိုယ်စား ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးညွန့် [၇/ဒဥန(နိုင်) ၀၇၀၃၃၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နီလွင်စိုး [၁၂/ဥကမ(နိုင်) ၀၄၅၉၇၀]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာဝင်း (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၁၂၆/၂၀၁၄)**
**အမှတ် (၁၀/၁၂)၊ (၁၀၃/E)၊ ၃၅-လမ်း(ပထမထပ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၄၁၇၇၁၇၊ ၀၉-၄၃၀၂၈၅၈၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ မြေကွက်အမှတ်(၃၄၀)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ ဒုအရာခံဗိုလ်လှရွှေ [၁၂/ရကန(နိုင်)၀၂၇၇၀၁] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်မျိုးမင်း [၁၂/ဒဂရ(နိုင်) ၀၁၁၈၄၉]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၃၀)**
**ဖုန်း- ၀၉-၅၀၈၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် Star City ကြယ်စင်အိမ်ရာ City Loft တိုက် CL-6၊ အခန်း (412) စတုတ္ထထပ် ကွန်ဒိုအခန်းနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမျိုးမင်းကျော် [၇/လပတ(နိုင်)၀၈၆၃၇၄] ထံမှ ဒေါ်စောယုတင့် [၁၂/မဂတ(နိုင်)၀၀၃၃၂၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှ (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောယုတင့်**
**09-798103001**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ အ.လ.က(စံပြ) မော့ကနင်ကျောင်း Grade(9)မှ စောဟိန်းမြင့်မိုရ်နှင့် Grade(5)မှ စောဟိန်းအာကာတို့၏ ဖခင်အမည်မှန်မှာ ဦးစောသီဟ [၁၀/လမန (နိုင်) ၀၀၅၈၁၈] ဖြစ်ပါကြောင်း။

**ဦးစောသီဟ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂၊ မြေကွက်အမှတ်- ၁၀၆၁၊ မြေကွက်တည်နေရာအမှတ်- ၁၀၆၁၊ ဆရာစံလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးသောင်းလွင် (CG-088760) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးသောင်းလွင်(ဖခင်)နှင့် ဒေါ်ခင်ဝင်း(မိခင်)တို့ အသီးသီး ကွယ်လွန်ခဲ့ကြောင်း၊ သားသမီးများအဖြစ် ဒေါ်လွင်မာဦး၊ ဒေါ်တင်မိမိလွင်၊ ဒေါ်မေဝင်းလွင်၊ ဒေါ်အေးအေးလွင်၊ ဦးအောင်မျိုးလွင်တို့ (၅)ဦးအား မွေးဖွားခဲ့ကြောင်း၊ သားသမီး (၅)ဦးအနက် သား(၁)ဦးဖြစ်သူ ဦးအောင်မျိုးလွင်သည် (၁၅-၄-၂၀၂၀)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်လွင်မာဦး [၁၂/ပဇတ(နိုင်)၀၀၂၈၉၃] ဒေါ်တင်မိမိလွင် [၁၂/ပဇတ(နိုင်)၀၁၆၈၂၆]၊ ဒေါ်မေဝင်းလွင် [၁၂/ပဇတ(နိုင်)၀၁၆၈၂၅] ဒေါ်အေးအေးလွင် [၁၂/ပဇတ(နိုင်) ၀၀၁၃၆၄] တို့မှ ၎င်းတို့ သမီးအရင်း (၄)ယောက်သာ ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေစားအမွေခံ ကိတ္တိမသားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ကျောက်ရေတွင်းလမ်း၊ အမှတ်- ၂၇၊ ၈ လွှာ/အေ (ခေါင်းရင်းခန်း)တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းကို လက်ရှိထားပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံပြီး ရောင်းချလိုကြောင်းအဆိုပြုသူ ဦးထွန်းထွန်း[၁၂/လမတ(နိုင်)၀၀၀၃၃၈] ထံမှ ဒေါ်ချိုနွယ်ထွန်း [၈/မကန(နိုင်)၂၆၀၇၆၅]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၇)ရက်အတွင်း လုံလောက်ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ချိုနွယ်ထွန်း** | **ဒေါ်ဖြူဖြူဝင်း(LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၉၀၉၇)**
**အမှတ်- ၇၂၊ ၅-လွှာ/စီ၊ ၁၆၅လမ်းတို၊တာမွေကြီး(ခ)ရပ်ကွက်**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၄၂၅၂၁၉၂၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၉)လမ်း၊ အမှတ်(၂၃)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ စတုတ္ထထပ်(၅-လွှာ)၊ တိုက် မျက်နှာမူလျှင် (ယာဘက်ခြမ်း)၊ (အလျား၁၈x အနံ ၅၄)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ပြုံးသွယ်[၁၀/ပမန(နိုင်)၀၉၈၁၈၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများ ဦးထွန်းမြင့်ဦး[၉/ကပတ(နိုင်)၂၅၅၆၃၁]၊ ဒေါ်ဝင့်ရွှေစင်[၁၂/တမန(နိုင်)၁၃၀၆၈၉]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးခင်အိ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၂၄၀) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဥ္စမထပ်(၆-လွှာ)၊ တိုက်မျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း)၊ (အလျား ၁၁.၅x အနံ ၄၈)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြေးမုံမြင့် [၁၂/ပဇတ(နိုင်) ၀၀၅၉၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဦးမင်းမင်းစိုးရာဇာ[၁၀/သဖရ(နိုင်)၁၅၇၁၀၀]၊ ဒေါ်ဝေမင်းအိ [၁၂/ကမရ(နိုင်) ၀၆၄၃၀၉]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၇၁၁၄၈**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်-ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ တိုက်အမှတ် (၇၂) ( ၇-လွှာ(ဘီ) /ဝဲဘက်ခြမ်း ) (၁၅ ပေ x ၆၀ ပေ)ရှိ ဦးကျော်ဦး ပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးကျော်ဦး [၁၂/ဗတထ(နိုင်) ၀၀၇၁၆၃]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ငွေး (LL.B, D.B.L, D.I.L)** | **ဒေါ်ခိုင်ဦးသူ (LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၅၉)** | **အထက်တန်းရှေ့နေ (စဉ်- ၃၇၉၅၄)** |

**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ မြေတိုင်းအမှတ် (၂၀/က၊ခ)၊ အမှတ်(၁၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၅ပေx၅၀ပေ)ရှိ ဦးအောင်ကျော်ဆန်း [၁၂/လမန(နိုင်) ၀၀၂၇၀၈] ဂရန်အမည်ပေါက် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၈ထပ်)တိုက်အဆောက်အဦ၏ စတုတ္ထထပ်(၅)လွှာ ပေအကျယ် (၂၃ပေx၄၈ပေ)အကျယ်ရှိ ဓာတ်လှေကားပါ မီနီကွန်ဒိုတိုက်ခန်းအား လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဦးသိန်းထက်သိန်း [၈/မကန(နိုင်) ၁၄၄၁၇၄]က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေရည်ထွန်း [၁၂/လမန(နိုင်)၁၇၀၀၀၅] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အထက်ပါ မီနီကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထူးထူးနောင် LL.B, D.B.L** | **ဒေါ်မျိုးပပဇော် LL.B, D.B.L** |
| **အထက်တန်းရှေ့နေ(စဉ်-၄၄၂၈၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၄၃၀၆)** |

**No-(1/106), Waizayandar Road, Waizayandar Housing, Thingankyun Tsp, Yangon.**
**Phone – 09-981108070, 09-954171862**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေပြည်စိုး (၇)လမ်း၊ မြေကွက်အမှတ်(၁၃၇၆)၊ ဦးစိုးနိုင်(ပါမစ်အမည်ပေါက်)၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၁၀ပေx ၆၀ပေ)ရှိ အမှတ်(၁၃၇၅) ဒုတိယဘက်ကပ်လျက်အခြမ်းမြေကွက်နှင့် နေအိမ်ရှိ၊ ရေ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်မှ ရောင်းချခဲ့ပြီး အဆက်စပ်စာချုပ်အဆင့်ဆင့် ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်စန်းစန်းအေး [၁၂/ဥကတ(နိုင်) ၀၆၄၃၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်မင်းသူ [၁၄/ငပတ(နိုင်) ၁၈၈၇၃၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မင်းသူ[၁၄/ငပတ(နိုင်)၁၈၈၇၃၀]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်နိုးသူ LL.B, WIPO DL-101(Switzerland) အထက်တန်းရှေ့နေ (စဉ်- ၅၆၀၈၁)**
**၀၉-၇၇၂၆၁၇၅၉၁**

## ဒေါ်အေးမီ
### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ လုံးသွယ်(၃)လမ်း၊ အမှတ်(၁၅၂) နေနှင့် မြိတ်မြို့၊ ကန်ဖျားရပ်၊ သိန်းညီနောင်(၃)လမ်း၊ အမှတ်(၆၇)နေ (ဦးထွန်းသွယ်-ဒေါ်ကျင်)တို့၏ သမီးကြီး၊ ဒေါ်စန်းစန်းဝေ၊ (ဦးစိုးနိုင်)-ဒေါ်သောင်းစိန်၊ ဦးဝင်းနိုင်၊ ဦးကျော်နိုင်-ဒေါ်အင်ယု၊ ဦးဝင်းသန်း-ဒေါ်လဲ့လဲ့ဝေ၊ (ဦးရဲနိုင်)၊ ဦးမျိုးနိုင်-ဒေါ်မော်မော်လွင်၊ ဦးလှဆောင်-ဒေါ်စုစုအောင်တို့၏ ချစ်လှစွာသော အစ်မကြီး၊ တူ/တူမ ကိုးယောက်တို့၏ ချစ်လှစွာသော အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်အေးမီသည် ၁-၆-၂၀၂၆ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၅-၆-၂၀၂၆ (သောကြာနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၇-၆-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ လုံးသွယ်(၃)လမ်း၊ အမှတ်(၁၅၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ် (၁၆)၊ ၆-ခန်းတွဲ ၈-ထပ်တိုက်မှ ၇-လွှာ(B) အကျယ်အဝန်း (၁၃x ၆၀)ပေရှိ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးမွန်ခိုင် [၁၂/လသယ (နိုင်) ၀၇၅၇၁၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်၏ ပိုင်ဆိုင်မှုရောင်းချခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဥ်-၄၀၃၅) LLB,DBL,DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဥ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L**
**ဦးရဲမြင့်ထွန်း LL.B (စဥ်-၂၀၂၃၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP: 09-5017044, 09-250674940**

## "အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၆)၊ ကြိုးကြာ (၁)လမ်း၊ မြေကွက်အမှတ်- ၁၂၄၁၊ အကျယ်အဝန်း (၄၂x ၆၀)ပေ၊ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ကေတီချိုးယား (L/RGN-၀၂၄၂၄၈)အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့် (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၂၁x၆၀)ပေ မြေကွက်အား ယခုရောင်းချသူ၏ခင်ပွန်း ဦးဝင်းကျော်မှာ (၂၀၀၈)ခုနှစ်တွင် အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ခင်ပွန်း ဦးဝင်းကျော်မှာ (၂၀၂၄)ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး အထက်ဖော်ပြပါ မြေကွက်အား မြန်မာ ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ယခု ရောင်းချသူ ဒေါ်တင်ယုမော် [၈/ဆပဝ (နိုင်) ၀၈၅၁၉၈]ဇနီးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက် အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B., DIPL)**
**တရားလွှတ်တော်ရှေ့နေ( စဥ်- ၁၇၇၇၀)**
**အမှတ်-၄၈၅/က၊ ဣန္ဒာ(၅)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၈၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၉၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်(၃၈)ဖက်တန်း၊ ဦးပိုင်အမှတ် (၅၀/မ/၉)၊ ဧရိယာ(၀.၀၁၃)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန မှတ်ပုံတင်(၁-က) စာရင်းတွင် ဦးမင်းအောင်စိုးဦး အမည်ပေါက်ပါသည်။ ၎င်းမြေကွက်နှင့်ကပ်လျက် တစ်ဆက်တည်း ဦးပိုင်အမှတ် (၅၀/မ/၁၀)၊ ဧရိယာ (၀.၀၀၇)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ်မြေ စာရင်းဦးစီး ဌာနမှတ်ပုံတင် (၁-က)စာရင်းတွင် ဇာရာဘီဘီ အမည်ပေါက်ပါသည်။ ဒေါ်ဇာရာဘီဘီထံမှ ဒေါ်ရာဇူဘီ၊ ဦးအလီဘိုင်၊ ဒေါ်ရဟီမာဘီဘီတို့(၃)ဦးက မှတ်ပုံတင်စာချုပ်အမှတ်-၂၈၄/ ၁၉၈၅ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ရာဇူဘီ၊ ဦးအလီဘိုင်၊ ဒေါ်ရဟီမာဘီဘီတို့ (၃)ဦးထံမှ ဒေါ်ညွန့်ရီက မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "မြေသက်သက် အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၁၂၂/၂၀၀၁ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါ သည်။ ဒေါ်ညွန့်ရီထံမှ ဦးမင်းအောင်စိုးဦးက မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ **"နှစ်ဦးသဘောတူမြေကွက်သက်သက်အရောင်းအဝယ်ကတိစာချုပ်"** မှတ်ပုံတင် စာချုပ်အမှတ်-၈၄/၂၀၁၇ အရ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ဦးမင်းအောင်စိုးဦးထံမှ **"အိမ်နှင့်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်"** မှတ်ပုံတင်စာချုပ်အမှတ်- ၆၄/ ၂၀၂၆ အရ မမေသဲဦး၊ မောင်အောင်ဇင်ထွဋ်တို့(၂)ဦးက ဝယ်ယူခဲ့ပါသည်။ ယခုအခါ မမေသဲဦး၊ မောင်အောင်ဇင်ထွဋ် တို့ (၂)ဦးက ၎င်းတို့၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့် အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ် မြေစာရင်း ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက မမေသဲဦး၊ မောင်အောင်ဇင်ထွဋ် တို့(၂)ဦးမှ ၎င်းတို့၏အမည်သို့ အမည်ပြောင်းလဲ ပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ဦးအောင်ချိန် (ခ) Michael Tin Aung B.Sc (Maths)
### အသက် (၈၀) နှစ်

ရန်ကုန်မြို့နေ (ဦးတင်အောင်-ဒေါ်ခင်မြင့်)တို့၏သား၊ (ဒေါ်စိုးစိုးအောင်) ၏ခင်ပွန်း၊ ဒေါ်သီမွန်ချိန်၊ ဦးအောင်မွန်ချိန်-ဒေါ်အေးသီတာသိန်း၊ ဦးဥက္ကာချိန်-ဒေါ်မြင့်မြင့်မိုးတို့၏ ဖခင်၊ မောင်ဇေယံထူး၊ မောင်ကောင်းဆက်ချိန်၊ မခေတ် သဒ္ဓါချိန်တို့၏ အဘိုး၊ (ဒေါ်ခင်မူမူ)၊ (ဒေါ်တင်မေလတ်-ဦးလှဝင်း)တို့၏မောင်၊ (ဒေါ်တင်ဇာအောင်)-ဦးနန်းအောင်၊ ဦးဉာဏ်ထူး-(ဒေါ်စန်းစန်းအုန်း) ဒေါက်တာ ချယ်ရီတင်အောင်၊ ဒေါက်တာတင်စပါယ်အောင်၊ ဒေါက်တာတင်စန္ဒာအောင်၊ (ဒေါ်တင်မာလာအောင်)-ဒေါက်တာဌေးလွင်တို့၏ အစ်ကိုဖြစ်သူ ဦးအောင်ချိန် သည် ၂-၆-၂၀၂၆ (အင်္ဂါနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန် ရစ်သော ရုပ်ကလာပ်ကို ၄-၆-၂၀၂၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁/ဝေဘာဂီ)၊ ပန်းခြံ(၁)လမ်း၊ မြေကွက်အမှတ်- ၆၈၊ အကျယ်အဝန်း (၃၀x၅၀)ပေ၊ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ညိုစောဝါ [၁၂/ဥကမ(ပြု)၀၀၀၀၀၉]အမည် ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသည့် (ခြေရင်းခြမ်း) အကျယ်အဝန်း (၁၅x၅၀)ပေ မြေကွက်အား ယခုရောင်းချသူများ ၁။ ဒေါ်တန်ရှုခင် [၁၂/ဥကမ(ပြု) ၀၀၀၀၁၀]၊ ၂။ ဒေါ်တန် ရှုမင်(ခ) ဒေါ်ကြင်လှ [၁၂/ဥကမ(ပြု)၀၀၀၀၁၂]၊ ၃။ ဦးအေးသန်း(KMYT-၀၁၅၃၈)၊ ၄။ ဒေါ်ရှုကြည်(ခ)ဒေါ်မြင့်မြင့်သိန်း [၁၂/ဥကမ(ပြု)၀၀၀၀၁၃]၊ ၅။ ဦးအေးဝင်း [၁၂/ ဥကမ(ပြု)၀၀၀၀၁၄]တို့မှ ယင်းမြေကွက်အား လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ် သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ် ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၇၇၇၀)**
**ဖုန်း- ၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၈၇၄၀၀၀၈၃၉**
**အမှတ်- ၄၅၈/က၊ ဣန္ဒာ(၅)လမ်း၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက် အမှတ်(ဆဆ-၁၁)၊ ဦးပိုင်အမှတ်(၃၈) ခဲစင်း၊ ၄၈x၄၉ ကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သန်း၏ (SP ရရှိသူ ဦးတင်အောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၀၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးသီဟဇော်(ခ)သိန်းဟန် [၁၃/သပန(နိုင်)၀၅၀၉၉၂]က အမှုတွဲအမှတ်(၀၃၂၄/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြေတိုင်းရပ်ကွက်- တိုးချဲ့(၂)၊ မြေကွက်အမှတ် U-10၊ ပန်းဝါလမ်း၊ အမှတ်- ၂/၉၅(က)ဟုခေါ်တွင်သော (အလျား ၈၀ပေx အနံ ၆၀ပေ) အကျယ်ရှိသော မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထား သည့် အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဒေါ်နီလာ [၅/မရန(နိုင်)၁၃၈၄၈၃]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ခင်အေးသန်း [၁၂/သကတ(နိုင်)၀၃၁၅၀၂]က ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား(မူရင်း) များနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်နောက်ဆုံးထားပြီး ကျွန်ုပ် ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ အဆိုပါ မြေကွက်ကို ဥပဒေနှင့်အညီ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးသန်း [၁၂/သကတ(နိုင်) ၀၃၁၅၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင့်ဇော်(LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၅၆၆၅၇)**
**သပြေလမ်း၊ ထောက်ကြန့်၊ ရွာမရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း- ၀၉-၇၇၆၄၅၃၇၆၁**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၅၂/ မရမ်းကုန်း)၊ ဦးပိုင်အမှတ်(၁၆၁)၊ မြေချိန် ဧရိယာ (၀.၀၄၇)ဧကရှိ ဘိုးဘွားပိုင် မြေသည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန (၁-က)စာရင်းတွင် ဒေါ်မြနှင်းရီ (ခ)ဒေါ်ရှောက်ပယ် အမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်မြနှင်းရီ(ခ)ဒေါ်ရှောက်ပယ် ထံမှ ဦးအောင်တင်ဝင်းနှင့် ဒေါ်ညိုဝင်းသူတို့မှ အဆောက်အဦနှင့် မြေကွက်အပြီး အပိုင်အရောင်းအဝယ် စာချုပ်အမှတ်- ၂၁၀/၂၀၂၆ ဖြင့် ဝယ်ယူခဲ့ပြီး ဦးအောင် တင်ဝင်းနှင့် ဒေါ်ညိုဝင်းသူတို့မှ ဖော်ပြပါ အဆောက်အဦနှင့် မြေကွက်အား ၎င်းတို့၏ အမည်သို့ အမည်ပြောင်းလဲပေးရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဦးအောင်တင်ဝင်း နှင့် ဒေါ်ညိုဝင်းသူတို့မှ ၎င်းတို့၏ အမည်ပြောင်းလဲပေးရန် လျှောက်ထားခဲ့မှု အပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ဆေးရိုးတန်းလမ်း၊ တိုက်အမှတ်(၁၃)၊ ပထမထပ်(B) ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၁၂.၅x၅၀)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ယဉ်ယဉ်နွယ်[၆/ကသန(နိုင်)၀၀၅၁၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီမီသက် [၁၂/စခန(နိုင်)၀၆၄၇၇၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း တိကျခိုင်လုံသော သက်သေအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပြီး ယင်းတိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မီမီသက်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ (LL.B) အထက်တန်းရှေ့နေ (စဥ်- ၄၇၅၂၅)**
**ဖုန်း- ၀၉-၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ မြေကွက်အမှတ် (၂၆၂)၊ ရွှေကံ့ကော် လမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ဦးလှမြင့် အမည်ပေါက် ပါမစ်မူရင်းခြမ်းမြေနှင့် မြေပေါ်ရှိ (၁)ထပ် တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြု ရောင်းချသူ ဦးအေးကို [၁၂/ဒဂတ(နိုင်) ၀၆၉၆၇၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သူဇာထိုက် [၁၂/ကမရ(နိုင်)၀၅၇၂၇၈]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ဦးအေးကို၏(ကိုယ်စား) ညီဖြစ်သူ ဦးဝင်းမင်းသန့် [၁၂/ဒဂတ(နိုင်) ၀၉၀၆၆၁] ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း နှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများတင်ပြပြီး လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး L.L.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၂)လမ်း၊ မြေကွက်အမှတ်(A-၁၁၄)၊ ဦးဘလှ၊ ဦးထွန်းယုံအမည်ဖြင့် ရရှိထားသော(စလစ်)မြေ၊ မြေအကျယ် (၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြု ပြောဆိုသူ ဦးလွင်ကိုလတ် (ဘ) ဦးကြည်လွင် [၁၂/သခန(နိုင်)၁၀၇၈၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ထွန်းနိုင်(ခ) သန့်ဇော်ငြိမ်း (ဘ) ဦးမောင်မောင်မြင့် [၁၂/ဗဟန(နိုင်)၀၃၉၁၅၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ် ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော(စလစ်)စာရွက်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ အရောင်းအဝယ် စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆိုကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သော မြေအကျယ် (၄၀x၆၀)ပေရှိ မြေကွက်အတွင်းမှ (ခြေရင်းဘက်ခြမ်း)ရှိ မြေအကျယ်(၂၀x၆၀)ပေရှိ မြေကွက်နှင့် (၂)ထပ် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လက်ရောက်နေထိုင်ပိုင်ဆိုင်အကျိုး ခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်လွင်လွင်အောင် (ဘ) ဦးအောင်မြိုင်[၁၂/ သလန(နိုင်) ၀၆၉၆၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မွန်အောင် (ဘ) ဦးတင်ထွဋ်[၁၂/သလန(နိုင်) ၁၁၇၂၆၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၆၅-D)၊ ကညင်ပင်ချောင်းတောင်ကွင်း၊ ဦးပိုင်အမှတ်(၆/က-၁)၊ ဧရိယာ (၀.၁၅)ဧက၊ ဦးပိုင်အမှတ်(၇/ခ-၁)၊ ဧရိယာ (၀.၁၃)ဧကရှိ ဦးသန်းန အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ရရှိထားသည့် ခြံမြေများနှင့် ယင်းခြံမြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသန်းန (ဘ) ဦးမောင်န [၁၂/ပဘတ(နိုင်)၀၀၀၀၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများဖြစ် သော ဦးအလက်ဇန္ဒါး [၁၂/မဂတ (နိုင်)၀၇၁၂၇၃]၊ ASSUMPTA MARY [၁၂/ သလန(ပြု)၀၀၄၃၂၇]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက် စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၇၁/ မောင်ငံ)၊ ဦးပိုင်အမှတ်(၁၀)၊ မြေချိန် ဧရိယာ (၀.၆၃၂)ဧကရှိ ဘိုးဘွားပိုင်မြေ သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန (၁-က)စာရင်းတွင် ဒေါ်အေး အေးသက်၊ ဦးမင်းစိုးအမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်အေးအေးသက်၊ ဦးမင်းစိုးတို့ထံမှ ဦးမင်းလွင်မှ အဆောက်အဦနှင့် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ်- ၂၆၁/၂၀၂၆ ဖြင့် ဝယ်ယူခဲ့ပြီး ဦးမင်းလွင်မှ ဖော်ပြပါ အဆောက်အဦနှင့် မြေကွက်အား ၎င်း၏အမည်သို့ အမည် ပြောင်းလဲပေးရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ဤကြေညာ ပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက် အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဦးမင်းလွင်မှ ၎င်း၏အမည်ပြောင်းလဲပေးရန် လျှောက်ထားခဲ့မှုအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ် (၇၇-ခ)၊ ၃၈x၃၉ ကြား၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဇော် အောင်ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၁၀၇၃/ ၂၀၂၆)ဖြင့်ဝယ်ယူခဲ့သော ဒေါ်အမာ စိန်[၁/ဗမန (နိုင်) ၀၆၀၈၆၃]၊ ဒေါ်နှင်းအိဖြူ [၁/ဗမန (နိုင်) ၀၈၄၂၆၃]တို့က အမှုတွဲအမှတ် (၀၃၀၅/၂၀၂၆-၂၀၂၇)ဖြင့် အမည် ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၂၈-၅-၂၀၂၆)ရက်နေ့ စာမျက်နှာ-၁၉၊ ကြေးမုံသတင်းစာပါ ဦးဝင်း ဇော်အောင် (တရားလွှတ်တော်ရှေ့နေ) ၏ "ကန့်ကွက်နိုင်ကြောင်းအများသိ စေရန် ကြေညာခြင်း" တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ်(၁၆၀၀)အစား ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃) ရပ်ကွက်၊ မြေကွက်အမှတ်(၁၆၀၀) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၃

(၂၉) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum– SPIEF 2026) သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC–Investments)ညွှန်ကြားရေးမှူး Mr . Alexander Sergeevich Shatirov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့တွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာ – ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အပါအဝင် ကဏ္ဍစုံကျယ်ပြန့်စွာ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ★

ဒုတိယသမ္မတ ဦးညိုစော ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



## အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ကြိုဆို

နေပြည်တော် ဇွန် ၃

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် ကယားပြည်နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယမန်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂



အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## AYA Tri – Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အား MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၃

AYA Tri – Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ဇွန် ၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါ ပွဲစဉ်ကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာ


**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ လူတိုင်း တစ်နှစ် သစ်ပင်နှစ်ပင် စိုက်ကြစို့** ဆောင်းပါး စာမျက်နှာ » ၁၂

**ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လှူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး** စာမျက်နှာ » ၁၅

**သူနာပြုသိပ္ပံ(ထားဝယ်)၌ သူနာပြု - သားဖွားဒီပလိုမာ အောင်လက်မှတ် အပ်နှင်းပွဲကျင်းပ** စာမျက်နှာ » ၁၆


## AYA Tri Nation Cup သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဥဇဘက်ကစ္စတန်ကို အရေးနိမ့်

ရန်ကုန် ဇွန် ၃

**AYA Tri Nation Cup** သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ပထမနေ့ကို ဇွန် ၃ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ ဥဇဘက်ကစ္စတန်အသင်းက မြန်မာအသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင်မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် အရေးနိမ့်ခဲ့သဖြင့် ချန်ပီယံမျှော်လင့်ချက် နည်းပါးသွားပြီး ဒုတိယပွဲတွင် ဥဇဘက်ကစ္စတန်အသင်းသာ ထိုင်းအသင်းထံမှ အမှတ်ရယူနိုင်ပါက ချန်ပီယံမျှော်လင့်ချက် အဆုံးသတ်မည်ဖြစ်သည်။ နည်းပြသစ် မစ်ဆုအိုကာတိုလက်ထက် ပထမဆုံးပွဲတွင် မြန်မာအသင်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး မြန်မာအသင်းသည် ယခုပွဲတွင် အသင်းလိုက်ကစားပုံ မကောင်းသည့်အပြင် တစ်ဦးချင်း စွမ်းဆောင်ရည်မှာလည်း အမှားများသဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖

